မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်၊ ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီ ၁၉ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၂)၊ အမှတ်(၁၁၁)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သီးနှံစိုက်ဧက ၆၄၀၀သို့ ဆည်ရေပေးနိုင်မည့် ပဒဲရေလှောင်တမံ မကြာမီဖွင့်မည်
ဘွက်ကြီးရေလှောင်တမံရေဖြင့် နွေစပါးဧက ၁၀၀၀နှင့် နွေနှမ်းဧက ၁၀၀၀ စိုက်ပျိုးလျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၁၅ရက်တွင် ပဲခူးတိုင်း(အနောက်)ပေါက်ခေါင်းမြို့နယ်ရှိ အမှတ်(၁၁)သကြားစက်(အင်ငါးခွ)သို့ ရောက်ရှိရာ စက်ရုံမှူးက ယခုနှစ်ကြံစိုက်ပျိုးမှုနှင့်ဝယ်ယူရရှိမှု၊ လျာထားချက်ပြည့်မီနိုင်ရန် သကြားထုတ်လုပ်နိုင်မှု၊ ထုတ်လုပ်ရမည့် သကြားတန်ချိန် ၇၀၀၀ တွင် တန်ချိန် ၆၈၃၃ တန် ထုတ်လုပ်ပြီးစီးမှု၊ ယခုနှစ်တွင် စက်ရုံနယ်မြေ၌ ကြံစိုက်ဧက ၂၇၀၀၀ ရရှိအောင် စိုက်ပျိုးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

အလေးထားဆောင်ရွက်

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်ဌေးဦးက ကြံစိုက်ပျိုးထုတ်လုပ်မှု တိုးမြှင့်ဆောင်ရွက်နိုင်မှသာ ကြံတောင်သူများ၏ လူမှုစီးပွားရေးတိုးတက် မြင့်မားလာမည်ဖြစ်သကဲ့သို့ စက်ရုံများ၏ ထုတ်လုပ်မှုစွမ်းအားသည်လည်း မြင့်မားလာမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ စက်ရုံအလိုက် သတ်မှတ်ကြံစိုက်ဧကပြည့်မီရေး၊ အထွက်နှုန်းတိုးရေးတို့အတွက် စက်ရုံနှင့် စိုက်ပျိုးရေးတာဝန်ခံများက အလေးထားဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် စက်ရုံသို့ ကုန်ကြမ်းကြံများရောက်ရှိမှုနှင့် သကြားထုတ်လုပ်မှုလုပ်ငန်း အဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၁၃ ကော်လံ ၁ ■

ဆည်ရေပေးဝေမှုနှင့် နွေစပါးစိုက်ခင်း ကြည့်ရှုစစ်ဆေး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦး ဇန်နဝါရီ ၁၅ ရက်က အောင်လံမြို့နယ်ရှိ ဘွက်ကြီးရေလှောင်တမံ ရေသောက်ဧရိယာတွင် ဆည်ရေပေးဝေမှုနှင့် နွေစပါး စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(အပေါ်ပုံနှင့် ဝဲပုံ)
(လယ်ယာ/ဆည်မြောင်း)

မြန်မာ့အလင်း ခေါင်းကြီး ဆောင်းပါး အညွှန်း

❒ နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး တည်ဆောက်ရေးကို အမျိုးသားရေးပန်းတိုင်အဖြစ် ချမှတ်ပြီး အမျိုးသားစီမံကိန်းများကို ဖော်ဆောင်ရာ၌ အထူးစီမံကိန်းများချမှတ်ကာ ကဏ္ဍအလိုက် လိုအပ်ချက်များ ဆောင်ရွက်ပေးလျက်ရှိ။
ခေါင်းကြီး (စာ-၂)

❒ ပြည်ထောင်စုတစ်နံတစ်လျား မြန်မာတို့၏လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန်နှင့် ဒေသချင်း ဖွံ့ဖြိုးမှုညီမျှရန်အတွက် စစ်ကိုင်းရွာသစ်ကြီး တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံကို တက္ကသိုလ်အဆင့်သို့မြှင့်တင်၍ ပြည်ထောင်စုရင်သွေး နိုင်ငံ့သားကောင်းရတနာ သမီးကောင်းအလိမ္မာများကို ပြုစုပျိုးထောင် မွေးထုတ်ပေးလျက်ရှိ။
မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)၏ ဆောင်းပါး (စာ-၃)

❒ CNG ကားများသည် နိုင်ငံခြားမှ နှစ်စဉ်ဒေါ်လာသန်းချီ၍ ဝယ်ယူနေရသော ဒီဇယ်နှင့် ဓာတ်ဆီများကို အားကိုးမနေရဘဲ ပြည်တွင်း၌ အလျှံပယ်ထွက်ရှိနေသည့် သဘာဝဓာတ်ငွေ့ကို အသုံးပြုပြီး စိတ်ချ လက်ချ မောင်းနိုင်သည့် အားသာချက်ရှိသည်။
သိပ္ပံမှူးတင်၏ ဆောင်းပါး (စာ-၁၀)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်)

အနာဂတ်နိုင်ငံတော်အတွက် အခြေခံအဆောက်အအုံများ တည်ဆောက် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး တစ်နိုင်ငံလုံးအကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရန် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်း၊ အထူးဒေသကြီး ၂၄ခု စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် စီမံကိန်းများကို နိုင်ငံတော်က ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ဒေသဖွံ့ဖြိုးရေးအတွက် လမ်းပန်းဆက်သွယ်ရေးသည် အဓိကလိုအပ်ချက်ဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေရန် နိုင်ငံတော်က ဦးစားပေးဆောင်ရွက်လျက်ရှိပြီး တစ်ချိန်တည်းတွင် နိုင်ငံတော်၏ ရေ၊မြေ၊သယံဇာတများကို ထိရောက်စွာအသုံးချကာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်စေမည့် အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ပေးလျက် ရှိသည်။

ယင်းကဲ့သို့ တည်ဆောက်ပေးလျက်ရှိရာတွင် ကချင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရန်အတွက် ဒဘတ်ချောင်းတံတား၊ ဗလမင်းထင်တံတား၊ နန့်မြစ်ခတံတား၊ မလိယန်တံတား၊ နမ့်ဆန်ယန်တံတား၊ မိုးလဲတံတား၊ တနိုင်းတံတား၊ ဟိုပင်တံတား၊ မိုးကောင်းတံတား၊ မိုးညှင်းတံတားနှင့် ကျွန်းတောတံတားစသည့် တံတားကြီးများကို နိုင်ငံတော်က တည်ဆောက်ပေးခဲ့ပြီး ဖြစ်သည်။

ယခင်က မန္တလေးမှမြစ်ကြီးနားသို့သွားလျှင် ဧရာဝတီမြစ်အနောက်ဘက်ကမ်း၏ မိုင် ၃၅၀ ရှည်သည့် မန္တလေး-ရွှေဘို-မြစ်ကြီးနားလမ်းမှလည်းကောင်း၊ ဧရာဝတီမြစ် အရှေ့ဘက်ကမ်းမှသွားလျှင် မန္တလေး-မိုးကုတ်-မိုးမိတ်-မဘိမ်း-မံစီ-ဗန်းမော် ၃၀၂မိုင်လမ်းနှင့် ၁၁၅မိုင်ရှည် ဗန်းမော်-မြစ်ကြီးနားလမ်း၏ စုစုပေါင်း ၄၁၇မိုင်ရှည်သည့် လမ်းမှလည်းကောင်း သွားခဲ့ရသည်။

ယခုအခါ ဖောက်လုပ်ပြီးစီးခဲ့သည့် မန္တလေး- မြစ်ကြီးနားလမ်းမှာ ၃၇၅မိုင်ခန့်သာ ရှိသဖြင့် မိုင်၄၀ခန့် ခရီးသက်သာသွားခဲ့ရသည်။ ထို့အပြင် နှစ်လမ်းသွား တာပိန်တံတားကို တည်ဆောက်ပေးသွားမည် ဖြစ်သည်။ ဇန်နဝါရီလ ၁၃ရက်က မန္တလေး-တကောင်း-ဗန်းမော်-မြစ်ကြီးနားလမ်းရှိ ဗန်းမော်ခရိုင် ရွှေကူမြို့နယ်တွင် စင်းခန်းတံတားကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့ရာ ကချင်ပြည်နယ်အတွင်း သွားလာဆက်သွယ်မှု ပိုမိုလွယ်ကူ ချောမွေ့လာပြီ ဖြစ်သည်။

စင်းခန်းတံတားသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ၁၉၈၈ခုနှစ်နောက်ပိုင်း ဖွင့်လှစ်ပေးခဲ့သည့် ပေ ၁၈၀နှင့် အထက် တံတားကြီးများအနက် ၁၇၈စင်းမြောက်တံတားဖြစ်ပြီး ကချင်ပြည်နယ်အတွက် ၁၂စင်းမြောက် တံတားလည်းဖြစ်သည်။ ၂၀၀၃ခုနှစ် ဖေဖော်ဝါရီ ၁၅ရက်မှ စတင်တည်ဆောက်ခဲ့ပြီး တစ်နှစ်နှင့် ၁၁လအကြာတွင် တည်ဆောက်ပြီးစီး ဖွင့်လှစ်ခဲ့သည်။

စင်းခန်းတံတားကြီး ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် ရွှေကူ-ဗန်းမော်လမ်းကြောင်းသာမက မန္တလေး-တကောင်း-ဗန်းမော်-မြစ်ကြီးနားလမ်းရှိ ဧရာဝတီမြစ် အရှေ့ဘက်ကမ်းတွင် အလျားလိုက် ပြည်ထောင်စုလမ်းမကြီး အသစ်တစ်ခုအဖြစ် အထင်အရှား ပေါ်ထွက်လာခဲ့ပြီဖြစ်သည်။

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး တည်ဆောက်ရေးကို အမျိုးသားရေးပန်းတိုင်အဖြစ်ချမှတ်ပြီး အမျိုးသားစီမံကိန်းများကို ဖော်ဆောင်ရာ၌ အထူးစီမံကိန်းများချမှတ်ကာ ကဏ္ဍအလိုက် လိုအပ်ချက်များ ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုကဲ့သို့ နိုင်ငံတော်က လမ်းများ၊ တံတားများ၊ အခြေခံအဆောက်အအုံများ တည်ဆောက်ပေးနေခြင်းသည် ပြည်ထောင်စုကြီးတစ်ခုလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန် တည်ဆောက်ပေးနေခြင်းဖြစ်သည်။ နိုင်ငံတော်က ထုထည်ပမာဏ ကြီးမားစွာဖြင့် ရင်းနှီးမြှုပ်နှံတည်ဆောက်ပေးသည့် လုပ်ငန်းများသည် အနာဂတ်နိုင်ငံတော်သစ်အတွက် အခြေခံအုတ်မြစ်များ ချထားပေးခြင်းပင် ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးကို တစ်ဖက်ကလည်း အလေးထား အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူများက နိုင်ငံတော်၏စေတနာကိုနားလည်သိမြင်ပြီး အနာဂတ်နိုင်ငံတော်အတွက် တည်ဆောက်ပေးနေသည့် အခြေခံအဆောက်အအုံများ ရေရှည်တည်တံ့ခိုင်မြဲစေရေး ပြည်ထောင်စု စိတ်ဓာတ်ဖြင့် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ငွေကျပ်(၅၀)တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၈

(၁၉၃)ကြိမ်မြောက် ငွေကျပ်(၅၀) တန် အောင်ဘာလေ သိန်းဆု ဖွင့်ပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲ တည်ရှိရာ ကျောက်တံတားမြို့နယ် အမှတ် ၃၈၄ မဟာဗန္ဓုလလမ်းနှင့်(၃၇)လမ်းထောင့်ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ ဖေဖော်ဝါရီ ၁ ရက် နံနက် ၉ နာရီမှ စတင်၍ ညနေ ၄ နာရီအထိ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

ဖွင့်လှစ်မည့်ဆုမဲ

အဆိုပါ (၁၉၃)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် ဖွင့်လှစ်မည့်ဆုမဲများမှာ ငွေကျပ် သိန်း(၃၀၀)တစ်ဆု၊ ငွေကျပ်သိန်း(၅၀) ၂၉ ဆု၊ ငွေကျပ်(၂၅)သိန်း ၁၂ ဆု၊ ငွေကျပ် ခြောက်သိန်း ၆၆၅ ဆု၊ ငွေကျပ်ငါးသိန်းနှစ်ဆု၊ ငွေကျပ်လေးသိန်းလေးဆု၊ ငွေကျပ်နှစ်သိန်း ၁၅ ဆု၊ ငွေကျပ်တစ်သိန်း ၁၇၁ ဆု၊ ငွေကျပ်ရှစ်သောင်း၂၄ဆု၊ ငွေကျပ်ငါးသောင်း ၁၇၁၀ ဆု၊ ငွေကျပ်လေးသောင်း ၄၆ ဆု၊ ငွေကျပ်နှစ်သောင်း ၃၃၃ ဆု၊ ငွေကျပ် တစ်သောင်း ၁၇၁၀၀ ဆု စုစုပေါင်း ၂၀၁၁၂ ဆုဖြစ်သည်။

လာရောက်ထုတ်ယူနိုင်

(၁၉၃)ကြိမ်မြောက် ငွေကျပ်(၅၀) တန် ထီပေါက်သည့် ကံထူးရှင်များအား ဆုငွေထုတ်ပေးခြင်းကို ဖေဖော်ဝါရီ၇ရက်မှစ၍ လက်ခံဆောင်ရွက်ပေး မည်ဖြစ်ကြောင်းနှင့် ဆုငွေငါးသိန်းနှင့် အောက်ဆုငွေများကို ကိုယ်စားလှယ်လွှဲစာဖြင့် အောင်ဘာလေသိန်းဆု ဌာနခွဲတွင် လျှောက်ထားတင်ပြပြီး လာရောက်ထုတ်ယူနိုင်ကြောင်းသက်ဆိုင်ရာက သတင်းရရှိသည်။ **(သတင်းစဉ်)**

လင်းရောင်ခြည် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့် စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၈

ရွှေပြည်သာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ်(၁၉)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ပူးပေါင်း၍ လင်းရောင်ခြည်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ၃၀ရက် နံနက်၁၀နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

အခမ်းအနားတွင် လင်းရောင်ခြည်စာကြည့်တိုက်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျီးညို၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မြအေး၊ အမှတ်(၁၉)ရပ်ကွက် ဥက္ကဋ္ဌဦးကျော်ညွန့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး**(အပေါ်ပုံ)** ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအုန်းခိုင်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးကျီးညိုတို့က အမှာစကားပြောကြားကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် လင်းရောင်ခြည်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် စေတနာရှင်ပြည်သူများက စာအုပ်၊ စာစောင် ၅၀၀ကျော်ကို ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/**

ဘိုကလေးဆရာတော် ဘဒ္ဒန္တစန္ဒောဘာသ ဝိဇာတမွေးနေ့မင်္ဂလာ

ရန်ကုန် ဇန်နဝါရီ ၁၈

ရွှေနတ်ကူသိဒ္ဓိရှင် (လေးမြို့နယ်) ပြည်တွင်း၊ ပြည်ပ သာသနာပြု ဘိုကလေး ဆရာတော် သက်တောရ ဘဒ္ဒန္တစန္ဒောဘာသ မဟာထေရ်အရှင်မြတ်အား တပည့်ဒါယကများက ဝိဇာတမွေးနေ့မင်္ဂလာပူဇော်ပွဲကို ၁၃၆၆ ခုနှစ် ပြာသိုလဆန်း ၁၄ ရက် (ဇန်နဝါရီ ၂၃ ရက်) တနင်္ဂနွေနေ့ ညနေ၄နာရီမှ ၆နာရီအထိ အောင်ရတနာဖြိုး ကော်မာရှယ် ကုမ္ပဏီလီမိတက် ဦးခင်လှ- ဒေါ်ခင်မြမြအောင် မိသားစုနေအိမ် အမှတ် ၂၁(အေ) သီရိမွန်အိမ်ရာ ဘုရင့်နောင်လမ်းမကြီး လှိုင်မြို့နယ် ရန်ကုန်မြို့တွင် ကျင်းပမည်ဖြစ်ပြီး ဖုန်း- ၆၈၂၁၉၆၊ ၆၈၀၈၀၁တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

မြဝတီရုပ်မြင်သံကြား

၁၉-၁-၂၀၀၅

(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
၄း၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅ ၆။ မျိုးချစ်တပ်မတော်
၄း၄၅ ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၄း၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် The Impact of Agricultural Technology (ဒုတိယနှစ်-ပထဝီဝင်အထူးပြု)
၅း၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၆။ လျှပ်တစ်ပြက်
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပင်လယ်ကြီးလောက်ချစ်တယ်"** (အပိုင်း-၃၆)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ မြန်မာ့ရှုခင်း
၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိန်းငှက်သူရဲကောင်း"** (အပိုင်း-၃၆)

ပြည်ထောင်စုကြီးဖွံ့ဖြိုးရေးအတွက် အားမာန်သစ်များ

မိုးထက်မြင့်
(မြစ်ဝကျွန်းပေါ်)

"နိုင်ငံတော်ရဲ့ စေတနာပန်း
ပွင့်လန်းတဲ့အမိမြေ
သွေးချင်းတို့ဌာနေ။
ငြိမ်းချမ်းရေးတေးချိုဝေ
သားချင်းဆွေစုပေါင်း။
စည်းလုံးချစ်ကြည်လို့
'သမိုင်းသစ်'တည် 'ပြည်သစ်'ဆောက်တယ်
အံ့လောက်ဖွယ်ကောင်း။ ။"

(သီဟအောင်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် မူလတန်းဆရာအတတ်သင်တန်း အမှတ်စဉ်(၃၅) မှ သင်တန်းသူများအား ရန်ကုန်မြို့ ပြည်လမ်း ပြည်သူ့လွှတ်တော် အဆောက်အအုံ၌ ဤသို့ ရင်းရင်းနှီးနှီး တွေ့ဆုံ အားပေးစကား ပြောကြားခဲ့သည်။

ပြည်ထောင်စုဖွား တိုင်းရင်းသားအပေါင်းတို့ နှစ်ပရိစ္ဆေဒရှည်လျားစွာ ခိုင်ခိုင်မြဲမြဲ လက်ချင်းတွဲလျက် မခွဲမခွာအတူတကွ နေထိုင်နိုင်ကြခြင်းမှာ တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးခြင်း၊ ရိုင်းပင်းကူညီခြင်း၊ စာနာထောက်ထားခြင်း၊ အပြန်အလှန် အမှီသဟဲပြုခြင်း၊ နားလည်သည်းခံ ခွင့်လွှတ်ခြင်း၊ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းတည်းဟူသော မိသားစုစိတ်ဓာတ်ကို အရင်းတည်လျက် အမြော်အမြင်ကြီးမားစွာ ပေါင်းစည်းယှက်နွှယ်နေထိုင်ခဲ့ကြသည့် ရှေးဘေးဘိုးဘီဘင် အဆက်ဆက်တို့၏ ကျေးဇူးတရားကြောင့်ပင် ဖြစ်ပါသည်။

၁၉ရာစုနှစ်များအတွင်း၌မူ ခေတ်မီလက်နက်အားကိုးဖြင့် နယ်ချဲ့ဝါဒီတို့က ကမ္ဘာတစ်လွှား နယ်ပယ်ချဲ့ထွင်ခဲ့ကြရာတွင် မြန်မာနိုင်ငံသည်လည်း နယ်ချဲ့လက်အောက်သို့ ကျရောက်ခဲ့ရသည်။ သို့သော်နယ်ချဲ့ဝါဒီတို့သည် မြန်မာနိုင်ငံကို အလွယ်တကူ သိမ်းပိုက်စိုးမိုးနိုင်ခဲ့သည် မဟုတ်ပေ။ မြန်မာတိုင်းရင်းသားများ၏ သူ့ကျွန်မခံလိုစိတ်၊ ပြည်ထောင်စုကြီးကို ထိပါးလာသော အန္တရာယ်များကို ရှုပ်ရှုပ်ချွံချွံ တွန်းလှန်ဖယ်ရှားလိုသော တိုင်းချစ် ပြည်ချစ်စိတ်ဓာတ်တို့သည် သမိုင်းမှတ်တိုင်များအဖြစ် တည်ရှိခဲ့သည်။ နယ်ချဲ့တွန်းလှန်ရေး တိုက်ပွဲများတွင် ပြည်ထောင်စုဖွား ညီအစ်ကိုတော်များသည် ပခုံးချင်းယှဉ်၊ လက်ချင်းတွဲလျက် အမိမြေကို ကျူးကျော်လာကြသူများအား ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား ခုခံတွန်းလှန် တိုက်ခိုက်ခဲ့ကြပေသည်။

မြန်မာနိုင်ငံအရှေ့ဘက်၊ အနောက်မြောက်ဘက်နှင့် မြောက်ဘက်ရှိ တောင်ကုန်းတောင်တန်းကြီးများသည်လည်းကောင်း၊ အနောက်နှင့် တောင်ဘက်ရှိ ကမ်းရိုးတန်း၊ ရိုးမတောင်တန်းနှင့် ကျွန်းစုကျွန်းတန်းများ၊ ပင်လယ်သမုဒ္ဒရာတို့သည်လည်းကောင်း မြန်မာတိုင်းရင်းသားမျိုးနွယ်စုတို့၏ ဘိုးဘွားအမွေ၊ နိုင်ငံအတွက် သဘာဝက ပေးထားသည့် အကာအကွယ် အစောင့်အရှောက် အရံအတားများဖြစ်လျက်ပင် ရှိနေပေသည်။

ထိုအရံအတားများဖြင့် မြန်မာနိုင်ငံတော်ကြီးသည် နှစ်ပေါင်းနှစ်ထောင်ကျော် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် ကမ္ဘာ့အလယ်တွင် ဝင့်ဝင့်ထည်ထည် ဘုန်းမီးနေလ တောက်ပခဲ့ခြင်းသည်လည်းကောင်း၊ မိရိုးဖလာထုံးတမ်းစဉ်လာများ၊ တွေးခေါ်မြော်မြင်မှုများက ဆင်းသက်ပေါက်ဖွားလာသည့် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာ၊ ကိုယ်ပိုင်လူမှုတန်ဖိုးများ သီးသီးသန့်သန့် ခံ့ခံ့ထည်ထည် ဖွံ့ဖြိုးရှင်သန်ခဲ့ခြင်းသည်လည်းကောင်း၊ တိုင်းရင်းသားလူမျိုးများအားလုံး၏ စိတ်ပိုင်းဆိုင်ရာ ခွန်အားများဖြစ်ကြသည့် မိသားစုစိတ်ဓာတ်၊ ပြည်ထောင်စု စိတ်ဓာတ်၊ တိုင်းချစ်၊ပြည်ချစ်စိတ်ဓာတ်တို့၌ အရင်းတည်၍ ဖြစ်ထွန်းလာခဲ့ခြင်း ဖြစ်ပေသည်။

၁၉၆၃ခုနှစ် (၁၆)ကြိမ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ကယားပြည်နယ် လွိုင်ကော်မြို့၌ကျင်းပခဲ့စဉ်က တိုင်းရင်းသားစည်းလုံးညီညွတ်မှုအတွက် အစွမ်းကုန်ကြိုးစားကြမည်ဟု ဆုံးဖြတ်ခဲ့ကြသည်။ မန္တလေးမြို့တွင် ကျင်းပခဲ့သော (၁၇)ကြိမ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားတွင် **"ပြည်ထောင်စုတိုင်းရင်းသားဖွံ့ဖြိုးရေးသိပ္ပံ"**ကို တည်ထောင်ဖွင့်လှစ်ရန်ဆုံးဖြတ်ခဲ့ကြပြီး ၁၉၆၄ခုနှစ် အောက်တိုဘာလ ၂၀ရက်နေ့တွင် စစ်ကိုင်းမြို့၌ စတင်ဖွင့်လှစ်ခဲ့သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကြောင့် တိုင်းပြည်အင်အားတောင့်တင်း၍ ဖွံ့ဖြိုးစည်ပင်ခဲ့သည်ကိုလည်းကောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ခြင်းကြောင့် တိုင်းပြည်အင်အား ချည့်နဲ့၍ ဖွံ့ဖြိုးတိုးတက်မှု ခေတ်နောက်ကျခဲ့သည်ကိုလည်းကောင်း၊ သမိုင်းသင်ခန်းစာအဖြစ် ရယူ၍ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ချမှတ်ကာ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားပြန့်ပွားရေးတို့ကို အဓိကဦးတည်လျက် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မာအောင် တည်ဆောက်ခဲ့သည်။

ပြည်ထောင်စုတစ်နံတစ်လျား မြန်မာတို့၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန်နှင့် ဒေသချင်းဖွံ့ဖြိုးမှုညီမျှရန်အတွက် စစ်ကိုင်းရွာသစ်ကြီး တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံကို တက္ကသိုလ်အဆင့်သို့မြှင့်တင်၍ ပြည်ထောင်စုရင်သွေး နိုင်ငံ့သားကောင်းရတနာ သမီးကောင်းအလိမ္မာများကို ပြုစုပျိုးထောင်မွေးထုတ်ပေးလျက်ရှိသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စစ်ကိုင်းရွာသစ်ကြီး တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးသိပ္ပံသို့ ၁၉၉၀ ပြည့်နှစ် ဧပြီလ ၇ရက်နေ့တွင် ရောက်ရှိခဲ့စဉ်က–

"ပြည်တွင်းဆူပူသောင်းကျန်းမှုများကြောင့် အသက်(၃၀)အရွယ် ရှိနေသူများပင် သေစာရှင်စာမျှမတတ်ဘဲ သောင်းကျန်းသူများ လက်အောက်တွင် ကျရောက်ခဲ့ကြသည်။ အခြားဒေသမှ ပညာရေးဝန်ထမ်းများနှင့် အစားထိုး ဖြည့်စွက်ခန့်ထားရန်မှာလည်း ကားလမ်းမပေါက်၍ အခက်အခဲတွေ့နေရသည့်အတွက်ကြောင့် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျသည့် ဒေသများမှ အခြေခံပညာ အသင့်အတင့်ရှိပြီး ဒေသခံများအား အထူးမူလတန်းသင်တန်းတစ်ရပ်ကို တက်ရောက်စေပြီးလျှင် ယင်းသင်တန်းသားများက မိမိတို့ဒေသသို့ ပြန်ကြ၍ မူလတန်း ဆရာ၊ ဆရာမများအဖြစ် ဒေသခံတိုင်းရင်းသားများအား ပညာသင်ကြားပေးရေးအတွက် အစီအစဉ်များ ပြုလုပ်ရန်"

ဟူ၍ လမ်းညွှန်မှာကြားခဲ့ပါသည်။

ယင်းမှာကြားလမ်းညွှန်ချက်နှင့်အညီ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်တွင် အထူးမူလတန်းဆရာအတတ်သင် သင်တန်းများကို ၂၅–၆–၉၀ရက်နေ့တွင် စတင်ဖွင့်လှစ်နိုင်ခဲ့သည်။ သင်တန်းကို အပိုင်းနှစ်ပိုင်းခွဲခြားပြီး ပညာအရည်အချင်း ထူးချွန်သူများကို ခြောက်လ သင်တန်းအဖြစ်လည်းကောင်း၊ ပညာအရည်အချင်း ပြည့်ဝသူများကို တစ်နှစ်သင်တန်းအဖြစ်လည်းကောင်း သင်တန်းအမှတ်စဉ်(၁)နှင့်(၂)ခွဲခြားပြီး ပို့ချခဲ့ပါသည်။

အဆိုပါ သင်တန်းတွင် အောက်ပါဒေသများမှ တိုင်းရင်းသားလူငယ်မောင်မယ်များ ပါဝင်တက်ရောက်ခဲ့သည်။

ဒေသ/တိုင်းရင်းသား	အမျိုးသား	အမျိုးသမီး	ပေါင်း
ကချင် ...	၁၀	၁၀	၂၀
နာဂ...	၅	၅	၁၀
အခါ...	၁၀	၁၀	၂၀
ဝ...	၂၀	၂၀	၄၀
ရှမ်း(မိုင်းယန်း)...	၅	၅	၁၀
ရှမ်း(မော်ဖဒေသ)...	၅	၅	၁၀
ရှမ်း(သီပေါ/မိုင်းရယ်)...	၅	၅	၁၀
ရှမ်း(ကိုးကန့်)...	၁၀	၁၀	၂၀
စုစုပေါင်း ...	၇၀	၇၀	၁၄၀

သင်တန်းအမှတ်စဉ် (၁)နှင့်(၂) လေ့လာရေးခရီးစဉ်များကို ၅–၁၂–၉၀ ရက်နေ့မှ ၁၅–၁၂–၉၀ ရက်နေ့အထိ စီစဉ်ဆောင်ရွက်ခဲ့သည်။

သင်တန်းအမှတ်စဉ်(၁)သင်တန်းဆင်းပွဲကို ဖွံ့ဖြိုးရေးသိပ္ပံ၌ ၂၁–၁၂–၉၀ ရက်နေ့တွင် ကျင်းပခဲ့သည်။ သင်တန်းအမှတ်စဉ်(၂) သင်တန်းဆင်းပွဲကိုမူ ပုံမှန်သင်တန်းအမှတ်(၂၂)နှင့်အတူ ဖွံ့ဖြိုးရေးသိပ္ပံပင်လုံခန်းမ၌ ၁၄–၃–၉၁ ရက်နေ့တွင် ကျင်းပခဲ့သည်။

နယ်စပ်ဒေသတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဖွံ့ဖြိုးရေးသိပ္ပံဆင်းဆရာ၊ ဆရာမ ၁၂၅ဦးတို့အတွက် လေ့လာရေးခရီးစဉ် တစ်ရပ်ကိုလည်း ဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် မူလတန်းဆရာအတတ်သင် သင်တန်းအမှတ်စဉ်(၃၅)မှ သင်တန်းသား၊ သင်တန်းသူများက ၂၀၀၃ခုနှစ် ဇန်နဝါရီလ ၂၈ရက်နေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ပြည်လမ်း ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ မင်္ဂလာခန်းမ၌ တွေ့ဆုံဂါရဝပြုပြီး ဩဝါဒခံယူခဲ့ကြသည်။

အဆိုပါ တွေ့ဆုံဂါရဝပြုသည့် အခမ်းအနား၌ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တိုင်းရင်းသား ညီအစ်ကိုမောင်နှမအားလုံးအတွက် အောက်ပါအတိုင်း မိန့်ကြားခဲ့သည်–

"ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နယ်နိမိတ်အတွင်း၌ တိုင်းရင်းသားလူမျိုးပေါင်းစုံ ပျံ့နှံ့နေထိုင်လျက်ရှိကြသလို ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အစိတ်အပိုင်းတစ်ခုစီသည်လည်း တိုင်းရင်းသား လူမျိုးများ အတူတကွ ပူးပေါင်းနေထိုင်သည့် ပြည်ထောင်စုငယ်များပင် ဖြစ်သည်။

ဤကဲ့သို့ တစ်ဦးနှင့်တစ်ဦး ပေါင်းစည်းယှက်နွှယ် နေထိုင်ကြပြီး ခွဲခြား၍မရသည့် အခြေအနေတွင် တိုင်းရင်းသားလူမျိုးများ အချင်းချင်း ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး ရှိကြဖို့လိုသည်"

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးစုပေါင်း ၁၀၀ကျော် စည်းလုံးညီညွတ်စွာ စုပေါင်းနေထိုင်လျက်ရှိသည့် ပြည်ထောင်စု ရိပ်မြုံကြီးဖြစ်သည်။

တိုင်းရင်းသားများသည် ပြည်ထောင်စုကြီးအတွင်း လွန်ခဲ့သည့်နှစ်ပေါင်းများစွာကပင် ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးဖြင့် ညီရင်းအစ်ကိုပမာ အေးအတူပူအမျှ အတူတကွ နေထိုင်ခဲ့ကြသူများ ဖြစ်သည်။

ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှုက ပေါက်ဖွားလာသည့် ဆိုးမွေများကို ချေဖျောက်နိုင်ရန်အတွက် တိုင်းရင်းသားလူမျိုးများအကြား သွေးချင်းသားရင်း ညီအစ်ကိုမောင်နှမများဖြစ်သည်ဆိုသည့် အသိအမြင်ဖြစ်ပေါ်စေပြီး တစ်တောတစ်ဖ ဝါဒမရှိစေရအောင်၊ ဥမကွဲသိုက်မပျက် အေးအတူပူအမျှဝါဒ ထွန်းကားအောင် နိုင်ငံတော်က ကြိုးပမ်းဆောင်ရွက်ပေးလျက် ရှိနေပါသည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၏ ရည်ရွယ်ချက်များမှာ–

- **ပြည်ထောင်စုသားများသည် ညီရင်းအစ်ကို မောင်ရင်းနှမကဲ့သို့ ကောင်းတူဆိုးဖက် ခင်မင်ရင်းနှီးစွာ အတူတကွ နေထိုင်လျက် ပညာရှာမှီးကြရင်း ပြည်ထောင်စုစိတ်ဓာတ် ခိုင်မြဲမှုရရှိကြစေရန်၊**
- **နိုင်ငံရေးအသိစိတ်ဓာတ်ပြည့်ဝပြီး ခံယူချက်၊ ယုံကြည်ချက်ရှိသော တိုင်းရင်းသားလူငယ် ကေဒါကောင်းများ မွေးထုတ်ပေးရန်၊**
- **ကိုယ့်လူမျိုး၏ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံကောင်းများကို ထိန်းသိမ်းရေး၊ အချင်းချင်း နားလည်သဘောပေါက်ရေး၊ ဒေသရှိလူမျိုးများ၏ စားဝတ်နေရေး အဆင့်အတန်းတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အထွေထွေဗဟုသုတ တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် လိုအပ်သော ဦးဆောင်မှု စွမ်းရည်ရရှိစေရန်၊**
- **ဆရာရရှိရေး အခက်အခဲရှိသောကြောင့် ပညာသင်ကြားရေးစီမံမှု နှောင့်နှေးနေသေးသည့် နယ်ခြားဒေသအချို့၌ လည်းကောင်း၊ ပြည်နယ်နှင့်တိုင်းများရှိ အလွန်ချောင်ကျ၍ ခေါင်လွန်းသော ဒေသများ၌လည်းကောင်း ဒေသခံဇာတိသား ဖြစ်၍ မူလတန်းဆရာ**

စာမျက်နှာ ၆ ကော်လံ ၁သို့

ရှန်ဟိုင်းဆိပ်ကမ်း ၂၀၀၄ခုနှစ်အတွင်း ကမ္ဘာ့ဒုတိယအကြီးမားဆုံးဆိပ်ကမ်းဖြစ်လာ

ပေကျင်း ဇန်နဝါရီ ၁၇

၂၀၀၄ ခုနှစ်အတွင်း ကုန်စည်ပမာဏအရ ရှန်ဟိုင်းမြို့သည် စင်ကာပူမြို့ ပြီးလျှင် ကမ္ဘာ့ဒုတိယအကြီးဆုံး ဆိပ်ကမ်းဖြစ်လာခဲ့သည်။ ရှန်ဟိုင်းဆိပ်ကမ်းသည် ပြီးခဲ့သည့် ၂၀၀၄ခုနှစ်၌ ကုန်စည်တန် ၃၇၉သန်းကို အတင်အချပြုလုပ်ပေးခဲ့ရာ ၂၀၀၃ခုနှစ်ကထက် ၁၉ ဒသမ ၈ရာခိုင်နှုန်းပိုမိုခဲ့ပြီး စင်ကာပူထက် ၂ ဒသမ ၃ ရာခိုင်နှုန်း လျော့နည်းခဲ့ကြောင်း ရှန်ဟိုင်းဒေလီသတင်းစာက တနင်္လာနေ့၌ ဖော်ပြသည်။

ရှန်ဟိုင်းနှင့် ယန်စီမြစ်ဝှမ်းဒေသမြို့ကြီးများတွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဖြင့် စီးပွားရေးတိုးချဲ့ခြင်းသည် သဘော်ဖြင့်ကုန်စည်ပို့ဆောင်မှု တိုးတက်ရေးကို အထောက်အကူပြုခဲ့သည်။

မြင့်တက်

ရှန်ဟိုင်းနှင့်အနီးရှိ မြို့ကြီးများမှ ကုန်ပစ္စည်းများတင်သွင်းခြင်းနှင့် တင်ပို့ခြင်းအပါအဝင် ပြည်တွင်းအကောက်ခွန်ဌာနမှတစ်ဆင့် စုစုပေါင်းကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ ၂၈၇ ဒသမ ၅၇ဘီလီယံထိရှိခဲ့ရာ ၂၀၀၃ခုနှစ်ကထက် ၄၀ ဒသမ ၄ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။

တွန်းအားဖြစ်

အခြားစီးပွားရေး တွန်းအားတစ်ခုဖြစ်သော ရင်းနှီးမြှုပ်နှံမှုသည် ယွမ် ၃၀၈ဒသမ ၄ဘီလီယံ(အမေရိကန်ဒေါ်လာ၃၇ဒသမ၃ဘီလီယံ)ရှိခဲ့ရာ ၂၀၀၃ခုနှစ်ကထက် ၂၅ဒသမ ၈ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

အိန္ဒိယနိုင်ငံ တမီလ်နာဒူးပြည်နယ်ရှိ ရှေးဟောင်းမြို့တစ်မြို့ဖြစ်သော ပွန်ပူဟာတွင် အနုပညာ အဆောက်အအုံတစ်ခုအတွင်း ပြသထားသည့် ရှေးဟောင်းပစ္စည်းများအား လာရောက်လေ့လာကြည့်ရှုကြသူများကို ဇန်နဝါရီ ၁၆ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း

နိုင်ငံတကာ သတင်းများ

နီပေါတွင် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက် စီးပွားရေးတိုးတက်မှု လေးရာခိုင်နှုန်းကျော်မည်ခန့်မှန်း

ခတ္တမန္ဒူ ဇန်နဝါရီ ၁၇

နီပေါနိုင်ငံသည် ယခုနှစ်ဘဏ္ဍာရေးနှစ်တွင် လယ်ယာကဏ္ဍနှင့် လယ်ယာကဏ္ဍမဟုတ်သောကဏ္ဍတို့ တိုးတက်လာခြင်းကြောင့် စီးပွားရေးဖွံ့ဖြိုးမှုနှုန်း ၄ဒသမ ၅ရာခိုင်နှုန်း တိုးတက်လာရန် ခန့်မှန်းထားကြောင်း နီပေါဘဏ္ဍာရေးဝန်ကြီးဌာနက စနေနေ့တွင် ပြောကြားသည်။

နီပေါနိုင်ငံ၏ ပြည်တွင်းထုတ်လုပ်မှု (ဂျီဒီပီ)သည် ၄ဒသမ ၁ရာခိုင်နှုန်းသာလျှင်ရှိမည်ဖြစ်ကြောင်း၊ ယင်းရာခိုင်နှုန်းအထိသာ တိုးတက်ခဲ့ခြင်းမှာ ၂၀၀၄ ခုနှစ် ဇူလိုင်၁၆ရက်မှစသော ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ် ပထမနှစ်ဝက်တွင် စပါးထုတ်လုပ်မှု ၃ဒသမ ၇ရာခိုင်နှုန်း ကျဆင်းခဲ့မှုကြောင့် ဖြစ်ကြောင်း သိရသည်။

ဖော်ပြ

ယခင် လယ်ယာကဏ္ဍ တိုးတက်မှုကို ပြန်လည်သုံးသပ်ပြီး လယ်ယာကဏ္ဍအား ၃ဒသမ ၂ရာခိုင်နှုန်း တိုးတက်အောင် ဆောင်ရွက်ကာ လယ်ယာကဏ္ဍ မဟုတ်သော ကဏ္ဍများကို ၄ဒသမ ၆ရာခိုင်နှုန်း တိုးတက်အောင် ဆောင်ရွက်နိုင်ရန် စီမံကိန်းချမှတ် ဆောင်ရွက်မည်ဖြစ်ကြောင်း နီပေါစိုက်ပျိုးရေးဝန်ကြီးဌာနမှ ကြေညာချက်၌ ဖော်ပြထားသည်။

တိုးတက်လာ

နိုင်ငံခြားကုန်သွယ်ရေးတွင် အဆိုပါနှစ်ဝက်ကာလအတွင်း စုစုပေါင်းသွင်းကုန်သည် ၃ဒသမ ၅ရာခိုင်နှုန်းကျဆင်းပြီး ပို့ကုန်မှာ ၁၅ဒသမ၁ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။

နီပေါနိုင်ငံ၏ နိုင်ငံခြားအရန်ငွေကြေးသည် ၂၀၀၄ခုနှစ် အောက်တိုဘာလအထိတိုင်အောင် နီပေါရူပီး ၁၃၁ဘီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၇ ဘီလီယံ) ရှိခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဆမ်ဆောင်း၏ဝင်ငွေ ယခင်နှစ်က ဒေါ်လာ၁၀ဘီလီယံရှိ

ဆိုးလ် ဇန်နဝါရီ ၁၇

ကမ္ဘာ့ဒုတိယအဆင့်ရှိသော တစ်ပိုင်းလျှပ်ကူးပစ္စည်းပြုလုပ်သည့် ဆမ်ဆောင်း အီလက်ထရွန်းနစ်ကုမ္ပဏီက ယင်းကုမ္ပဏီ၏ ယမန်နှစ်က အသားတင်ဝင်ငွေသည် အမေရိကန်ဒေါ်လာ ၁၀ဘီလီယံကျော် ရှိခဲ့ကြောင်း သောကြာနေ့က ကြေညာလိုက်သည်။

တောင်ကိုရီးယား ဆမ်ဆောင်း အီလက်ထရွန်းနစ် ကုမ္ပဏီကြီး၏ ၂၀၀၄ခုနှစ် တစ်နှစ်လုံးအသားတင်ဝင်ငွေသည် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၃ဘီလီယံထိ ၈၁ရာခိုင်နှုန်း တစ်ဟုန်ထိုး စံချိန်တင် မြင့်တက်ခဲ့ကြောင်း၊ တစ်နှစ်ပတ်လုံး ရောင်းရငွေသည် အမေရိကန်ဒေါ်လာ၅၅ ဒသမ ၈ဘီလီယံရှိပြီး ၃၂ဒသမ ၂ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း အဆိုပါကုမ္ပဏီက ပြောကြားသည်။

၂၀၀၅ခုနှစ်၌ မိမိတို့သည် ကုန်ကျစရိတ်လျှော့ချခြင်းဖြင့် ဈေးကွက်အခွင့်မသာမှု အချက်များကို ကိုင်တွယ်ဖြေရှင်းမည်ဖြစ်ပြီး ကုန်ပစ္စည်းများ၏ အရည်အသွေးကို ထူးခြားပြောင်မြောက်စွာ တိုးမြှင့်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ဆမ်ဆောင်း ရင်းနှီးမြှုပ်နှံမှု ဆက်ဆံရေးဌာန၏ ဒုတိယဥက္ကဋ္ဌ ချူဂိုဆစ်ခ်ိက သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

တရုတ်၏တစ်နိုင်ငံစနစ်နှစ်မျိုး အောင်မြင်မှု မကာအိုက ထင်ရှားစွာ သက်သေပြနိုင်ခဲ့

မကာအို ဇန်နဝါရီ ၁၇

မကာအိုကို မကာအိုပြည်သူများက အောင်မြင်စွာအုပ်ချုပ်ခဲ့ကြောင်း၊ တရုတ်နိုင်ငံ၏ တစ်နိုင်ငံ စနစ်နှစ်မျိုးအောင်မြင်မှုကို ထင်ရှားစွာ သက်သေပြခြင်းပင်ဖြစ်ကြောင်း အလည်အပတ်ရောက်ရှိနေသော ပေါ်တူဂီသမ္မတ ဂျော့ဆမ်ပိုင်ယိုက တနင်္ဂနွေနေ့တွင် မကာအို၌ ပြောကြားလိုက်သည်။

တွေ့ဆုံ

ဆမ်ပိုင်ယိုသည် မကာအိုအထူးအုပ်ချုပ်ရေးဒေသ(အက်စ်အေအာရ်)သို့ တနင်္ဂနွေနေ့ မွန်းလွဲပိုင်းက ရောက်ရှိခဲ့ကြောင်း၊ ၎င်းသည် နှစ်ရက်ကြာလာရောက်လည်ပတ်ခဲ့ကြောင်း၊ မကာအိုအထူးအုပ်ချုပ်ရေးဒေသ အမှုဆောင်အရာရှိချုပ် ဟိုဟွာဝပ်ချ်နှင့်လည်း ညနေပိုင်းတွင် တွေ့ဆုံခဲ့ကြောင်း သိရသည်။

မိမိသည် တရုတ်-ပေါ်တူဂီ ပူးတွဲကြေညာချက်ကို ဝမ်းမြောက်စွာကြိုဆိုကြောင်း၊ မကာအို၏အခြေခံဥပဒေသည် လွန်ခဲ့သော ငါးနှစ်ကျော်က မကာအိုတွင် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း ဆမ်ပိုင်ယိုက မစ္စတာဟိုအား ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဂျပန်နိုင်ငံ ရှပ်(ပ်) အီလက်ထရွန်းနစ်ကုမ္ပဏီမှ အသစ်ထုတ်လုပ်လိုက်သည့် ရေနွေးငွေ့ဖြင့် အပူပေးပြီး အစားအစာများအား ကင်နိုင်သော လျှပ်စစ် အပူပေးမီးဖိုတစ်ခုကို ဝန်ထမ်းတစ်ဦးက ဇန်နဝါရီ ၁၇ရက်က ပြသနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အသက်(၆၇)နှစ်အရွယ်ရှိ ရိုမေးနီးယားအမျိုးသမီးကြီး မိန်းကလေးတစ်ဦးကို အောင်မြင်စွာမွေးဖွားနိုင်ခဲ့

ဘူခါရက် ဇန်နဝါရီ ၁၇

အသက်(၆၇)နှစ်အရွယ်ရှိပြီဖြစ်သော ရိုမေးနီးယား အမျိုးသမီးကြီးတစ်ဦးသည် ပြီးခဲ့သည့် တနင်္ဂနွေနေ့က ကလေးမွေးဖွားခဲ့သဖြင့် ကမ္ဘာပေါ်တွင် အသက်အကြီးဆုံး ကလေးမွေးသော အမျိုးသမီးတစ်ဦးအဖြစ် မှတ်တမ်းဝင်သွားပြီဖြစ်ကြောင်း ရိုမေးနီးယားနိုင်ငံ ဘူခါရက်မြို့ရှိ ရိုင်လက်တီမာတာနီတီဆေးရုံ သတင်းတစ်ရပ်က ဖော်ပြသည်။

အမည်ပေး

အဆိုပါအမျိုးသမီးကြီး၏အမည်မှာ အဒရီရာနာအယ်လီစ်ကူဖြစ်ပြီး ပြီးခဲ့သည့် တနင်္ဂနွေနေ့ နံနက်အစောပိုင်းက အမွှာပူးမိန်းကလေးနှစ်ဦးကို မွေးဖွားခဲ့ရာ တစ်ဦးမှာသေဆုံးခဲ့ကြောင်း ဆရာဝန်များက ပြောကြားသည်။ အသက်ရှင်ကျန်ရစ်သူ မိန်းကလေးငယ်လေးမှာ ကိုယ်အလေးချိန် ၁ ဒသမ ၄ကီလိုရှိကာ ကျန်းမာရေးကောင်းမွန်ပြီး အီလီဇာမာရီရာဟု အမည်ပေးထားသည်။

ရိုမေးနီးယားအမျိုးသမီးကြီး အယ်လီစ်ကူမှာ ရိုမေးနီးယားတက္ကသိုလ်မှ ပါမောက္ခတစ်ဦးဖြစ်ပြီး သူမသည် လွန်ခဲ့သည့်ကိုးနှစ်ခန့်က မိမိသည် မိခင် တစ်ဦးဖြစ်လိုသော ဆန္ဒများရှိကြောင်း ဆရာဝန်များအား ပြောကြားခဲ့သည်ဟု သိရသည်။

ထိုသို့ ပြောကြားခဲ့ပြီးချိန်မှ စတင်ကာ သန္ဓေအောင်မြင်စေရန်အတွက် ဆေးဝါးကုသမှုများ အချိန်ကာလကြာရှည်စွာ ပြုလုပ်ခဲ့ကြောင်း၊ သွေးဆုံးခြင်းမရှိအောင်လည်း ယခင်ကတည်းက ဆေးဝါးကုသမှုခံယူခဲ့သည်မှာ ယခုကဲ့သို့ ကလေးမမွေးမီ အချိန်ခုနစ်လကျော်အထိ ဖြစ်ကြောင်း သိရသည်။

အိမ်ပြန်ရမည်

ယခုအခါ မိခင်နှင့်ကလေးပါ ဆေးရုံ၌ အထူးဆေးကုသမှု ခံယူနေကြကြောင်း၊ သီတင်းတစ်ပတ်ခန့်ကြာပြီး ကျန်းမာရေးကောင်းမွန်လျှင် နေအိမ်ပြန်ကြရမည်ဖြစ်ကြောင်း ဆရာဝန်များက ပြောကြားသည်။ ယခင်မှတ်တမ်းများအရ ကမ္ဘာ့အသက်အကြီးဆုံး ကလေးမွေးဖွားသူမှာ အီတလီ အမျိုးသမီးကြီးဖြစ်ပြီး ကလေးမွေးဖွားချိန်၌ အသက် ၆၂ နှစ်ရှိကြောင်း သိရသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

နိုင်ဂျီးရီးယား၌ လူနှစ်သန်းကျော် မျက်စိကွယ် ရောဂါနုချိန်၌ ကုသလျှင် မျက်စိကွယ်မှုမှရှောင်ရှားနိုင်

လာဂိုစ် ဇန်နဝါရီ ၁၇

အာဖရိကတိုက်၏ လူဦးရေ အထူထပ်ဆုံးနိုင်ငံဖြစ်သည့် နိုင်ဂျီးရီးယားနိုင်ငံ၌ လူနှစ်သန်းကျော်သည် မျက်စိကွယ်သူများဖြစ်ကြပြီး ထိုမျက်စိကွယ်သူအရေအတွက်သည် လာမည့်၂၄နှစ်အတွင်း နှစ်ဆဖြစ်လာဖွယ်ရှိကြောင်း နိုင်ဂျီးရီးယား ကျန်းမာရေးဝန်ကြီး အီရီကာရိုလမ်ဘိုက သောကြာနေ့၌ ပြောကြားသည်။

အဖြစ်များ

မျက်စိကွယ်သူများတွင် ကျေးလက်ဒေသများ၌ ပိုမိုအဖြစ်များသည်ကို တွေ့ရှိရကြောင်း၊ နိုင်ဂျီးရီးယားနိုင်ငံ၏ မြောက်အလယ်ပိုင်း ကဒူးနားပြည်နယ်၌ အမြင်အာရုံအားနည်းမှု စစ်ဆေးခြင်းနှင့် မျက်စိကွယ်ရခြင်းအတွက် အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲတွင် ဝန်ကြီးလမ်ဘိုက ပြောကြားခြင်း ဖြစ်သည်။

ရှောင်ရှားနိုင်

မျက်စိကွယ်ရခြင်း၏ ၈၀ရာခိုင်နှုန်းမှာ ရောဂါနုချိန်ကာလ၌ ကုသမှုရှိလျှင်ရှောင်ရှားနိုင်ကြောင်း လမ်ဘိုက ပြောကြားသည်ကို တရားဝင်နိုင်ဂျီးရီးယားသတင်းဌာနက ကိုးကားဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

မူးယစ်ဆေးဝါး တန်၂၀၀ကျော် ၂၀၀၄ခုနှစ်အတွင်း အီရန်၌သိမ်းဆည်းရမိ

တီဟီရန် ဇန်နဝါရီ ၁၇

အီရန်ပြက္ခဒိန်နှစ် နှစ်စဖြစ်သည့် ၂၀၀၄ခုနှစ် မတ်လမှစပြီး အီရန်နိုင်ငံတစ်ဝန်း တရားမဝင် မူးယစ်ဆေးဝါးတန် ၂၀၀ကျော်ကို မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ရဲတပ်ဖွဲ့က သိမ်းဆည်းရမိခဲ့ကြောင်း အီရန်သတင်းဌာနက စနေနေ့တွင် ကြေညာခဲ့သည်။

အီရန်နိုင်ငံအရှေ့ပိုင်းဒေသများတွင် ယခင်နှစ်များကထက်ပို၍ လုံခြုံရေး အစီအမံများ မူးယစ်ဆေးဝါး တိုက်ဖျက်နှိမ်နင်းရေးရဲတပ်ဖွဲ့က တင်းကျပ်စွာ ဆောင်ရွက်ခဲ့ကြောင်း အီရန်ရဲအရာရှိချုပ် မိုဟာမက်ဘာယာကွာလီဘတ်၏ ပြောကြားချက်ကို အဆိုပါ သတင်းဌာနက ကိုးကား ဖော်ပြသည်။

ပါဝင်

အဆိုပါ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများတွင် ဘိန်းဖြူ ၈ရာခိုင်နှုန်း၊ မော်ဖိန်း ၉၀ ရာခိုင်နှုန်း ပါဝင်ကြောင်း နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့က ပြောကြားသည်။

သုံးစွဲ

အီရန်နိုင်ငံသည် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးအစီအစဉ်တွင် နှစ်စဉ် အမေရိကန် ဒေါ်လာ ငါးဘီလီယံ ကုန်ကျသုံးစွဲလျက်ရှိကြောင်း၊ လွန်ခဲ့သောအနှစ် ၂၀ကာလအတွင်း မူးယစ်ဆေးဝါး မှောင်ခိုများနှင့် ပဋိပက္ခဖြစ်ပွားရာတွင် ရဲတပ်ဖွဲ့ဝင် ၃၁၀၀ အသက်ပေးခဲ့ရကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ကယ်လီဖိုးနီးယားပြည်နယ် လော့အိန်ဂျလိစ်မြို့ ဘီဗာလီဟီးလ်ရှိ ဘီဗာလီဟီလ်တန်အဆောက်အအုံ၌ ကျင်းပသည့် (၆၂)နှစ်မြောက် ရွှေကမ္ဘာလုံးဆုပေးပွဲတွင် အကောင်းဆုံးအမျိုးသမီးဟာသသရုပ်ဆောင်ဆု ရရှိသွားသည့် အင်နက်တီဘီနင်းကို ဇန်နဝါရီ ၁၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

(၆၂)နှစ်မြောက် ရွှေကမ္ဘာလုံးဆု ရရှိသူများစာရင်းကြေညာ

ဘီဗာလီဟီးလ်(ကယ်လီဖိုးနီးယား) ဇန်နဝါရီ ၁၇

ဟောလီးဝုဒ်နိုင်ငံခြားသတင်းစာဆရာများ အသင်းဝင် ၉၃ ဦးက ရွေးချယ် ချီးမြှင့်လိုက်သော (၆၂) နှစ်မြောက်နှစ်ပတ်လည် ရွှေကမ္ဘာလုံး ဆုရရှိသူများစာရင်းကို တနင်္ဂနွေနေ့က ထုတ်ပြန်ကြေညာလိုက်သည်။

သရုပ်ဆောင်ဆု

ထိုရွှေကမ္ဘာလုံးဆုကို ရရှိသူများစာရင်းအား ကြေညာရာ၌ ရုပ်ရှင်ကားဆုကို The Aviator က ရရှိပြီး အမျိုးသမီးရုပ်ရှင်သရုပ်ဆောင်ဆုကို Million Dollar Baby ရုပ်ရှင်ကားမှ Hilary Swank ကရရှိခဲ့သည်။

ဒါရိုက်တာဆု

အမျိုးသားရုပ်ရှင်သရုပ်ဆောင်ဆုကို The Aviator ရုပ်ရှင်ကားမှ Leonardo Dicaprio က ရရှိပြီး ဒါရိုက်တာဆုကို Million Dollar Baby ရုပ်ရှင်ကားကိုရိုက်ကူးသည့် Clint Eastwood ကရရှိခဲ့သည်။

အမျိုးသမီးဇာတ်ပို့ဆုကိုမူ Closer ရုပ်ရှင်ကားမှ Natalie Portman ကရရှိပြီးအမျိုးသားဇာတ်ပို့ဆုကို Closer ရုပ်ရှင်ကားမှ Clive Owen ကရရှိသည်။ အမျိုးသမီးဟာသသရုပ်ဆောင်ဆုကို Being Julia ဇာတ်ကားမှ အင်နက်တီဘီနင်းက ရရှိခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

တစ်ကမ္ဘာလုံးတွင် ဆေးဝါးရောင်းချရမှု တိုးတက်ခဲ့

လန်ဒန် ဇန်နဝါရီ ၁၇

တစ်ကမ္ဘာလုံးတွင်ဆေးဝါးရောင်းချရမှုတိုးတက်ခဲ့ရာ ပြီးခဲ့သည့် နိုဝင်ဘာလအထိ ၁၂လတာ ကာလအတွင်း ခုနစ်ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်းလန်ဒန်မြို့ရှိကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ သတင်း ပြန်ကြားရေးအဖွဲ့က သောကြာနေ့တွင်ပြောကြားသည်။ ကမ္ဘာ့ဆေးရောင်းချမှုဈေးကွက်၏ သုံးပုံနှစ်ပုံသည် လက်လီရောင်းချခြင်းဖြစ်ပြီး အဆိုပါကာလအတွင်း အမေရိကန်ဒေါ်လာ ၃၄၅ဘီလီယံဖိုး ရောင်းချခဲ့ရကြောင်းလည်း သိရသည်။

တိုးမြှင့်

ယင်းကဲ့သို့ ရောင်းချမှုတွင် ဥရောပဈေးကွက်ငါးခုသည် ထိပ်ဆုံးမှရှိကာ ပြီးခဲ့သည့်နှစ် နိုဝင်ဘာလအထိ ခြောက်ရာခိုင်နှုန်းတိုးတက်ရောင်းချခဲ့ရပြီး မြောက်အမေရိကတွင် ရှစ်ရာခိုင်နှုန်းနှင့် ဂျပန်နိုင်ငံတွင် နှစ်ရာခိုင်နှုန်း တိုးမြှင့်ရောင်းချ ခဲ့ရကြောင်းလည်း သိရသည်။ **အမ်အင်အေ၊ရိုက်တာ**

အီရတ်မှ ပေါ်တူဂီအထောက်အကူပြုတပ်ဖွဲ့များ ဖေဖော်ဝါရီလ ၁၂ ရက်တွင် ရုပ်သိမ်းတော့မည်

လစ္စဘွန်း ဇန်နဝါရီ ၁၇

ပေါ်တူဂီသည် ဇန်နဝါရီ ၃၀ ရွေးကောက်ပွဲအတွက် လုံခြုံရေးအကူအညီပေးရန် ရက်တိုးနေထိုင်ခဲ့ပြီးနောက် လာမည့်ဖေဖော်ဝါရီလ ၁၂ ရက်တွင် အီရတ်မှ ၎င်း၏ အထောက်အကူပြုတပ်ဖွဲ့အား ရုပ်သိမ်းမည်ဖြစ်ကြောင်း အစိုးရ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက စနေနေ့တွင် ပြောကြားသည်။

ပေါ်တူဂီသည် ဘဂ္ဂဒက်၏ တောင်ဘက် မိုင်၂၀၀ခန့်ရှိ နက်ဆာရီယာတွင် အမျိုးသားကာကွယ်ရေးဆိုင်ရာ အရာရှိ ၁၂၀ခန့်ရှိကြောင်း ၎င်းကပြောကြားသည်။

တိုးမြှင့်ခဲ့

၎င်းတို့သည် အီရတ်သို့ ၂၀၀၃ ခုနှစ် နိုဝင်ဘာလကရောက်ရှိခဲ့ပြီး ၂၀၀၄ခုနှစ် နိုဝင်ဘာလတွင် ထွက်ခွာရန် အချိန်ကျရောက်သော်လည်း တာဝန်ပေးမှုကို ရက်၉၀ ထပ်မံတိုးမြှင့်ခဲ့သည်။

သီးခြားပေါ်တူဂီတပ်ဖွဲ့သည် ရုပ်သိမ်းပြီးနောက် ပေါ်တူဂီ သို့မဟုတ် အီရတ်တစ်နေရာရာတွင် အီရတ်ရဲတပ်ဖွဲ့ကိုသင်တန်းပေးမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

ယုံကြည်

ဝန်ကြီးချုပ်ဟောင်း ဂျိုးစ်မင်နူယယ်ဒူရာယိုဘာရိုဆို၏လက်အောက်တွင် အစိုးရသည် ပြည်သူလူထုက ဆန့်ကျင်ခဲ့သော်လည်း ၎င်း၏ အီရတ်စစ်ပွဲတွင် မဟာမိတ်ဖြစ်သော အမေရိကန်ပြည်ထောင်စုအား အခိုင်အမာ ယုံကြည်ထောက်ခံခဲ့သည်။

မပြောင်းလဲ

ဘာရိုဆိုအား အနိုင်ရရှိခဲ့သည့် ပီဒရိုဆင်တာနာလိုပက်စ်သည် ဘာရိုဆိုက ဥရောပကော်မရှင်ဥက္ကဋ္ဌအဖြစ် နုတ်ထွက်သွားပြီးနောက် ဇူလိုင်လတွင် ဝန်ကြီးချုပ်တာဝန်ယူချိန်၌ အီရတ်နှင့် ပတ်သက်၍ မူဝါဒကို ပြောင်းလဲခြင်း မရှိခဲ့ပေ။

ကျင်းပခဲ့

သို့သော် သမ္မတ ဂျော့ဆမ်ပါယိုသည် လွန်ခဲ့သည့်လက လွှတ်တော်ကို ဖျက်သိမ်းခဲ့ပြီး အစိုးရ၏မတည်ငြိမ်မှုကို ပြုပြင်မည်ဟု ပြောကြားကာ ရွေးကောက်ပွဲကိုစောစီးစွာကျင်းပခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

စစ်ဆေးမှုများ ပြုလုပ်

အီရတ်နိုင်ငံ အနောက်ပိုင်း ရာမာဒီမြို့အနီး အယ်ဘိုဟာဝါ ကျေးရွာရှိ ရေနံပိုက်လိုင်း တစ်ခုအား စစ်ဆေးမှုများ ပြုလုပ်နေသော အမေရိကန် တပ်ဖွဲ့ဝင်များကို ဇန်နဝါရီ၁၇ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

● *ကျောဖုံးမှ*

ထိခိုက်မှုနှင့် ပျက်စီးဆုံးရှုံးခဲ့မှု နည်းပါးရခြင်းအကြောင်းရင်းများအနက် ၄င်းမြေလျှင်လှုပ်သည့် ဒီဇင်ဘာ ၂၆ ရက်သည် နတ်တော်လပြည့်နေ့ဖြစ်ရာ ဘာသာရေးအရ ပင်လယ်ပြင်ထွက်၍ ငါးဖမ်းခြင်းမပြုကြသည့်အတွက် ပင်လယ်ပြင်တွင် အသက်ဆုံးရှုံးမှု မရှိခြင်းသည်လည်း အကြောင်းရင်းဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံတွင် ထိခိုက်မှုနည်းပါးရသည့် အခြေအနေများ၊ အရေးပေါ်ကယ်ဆယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့မှုတို့ကို ရုပ်ပုံကားချပ်များဖြင့် အသေးစိတ်ရှင်းလင်းပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တနင်္သာရီတိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဆွေဝင်းက တနင်္သာရီတိုင်းအတွင်း ထိခိုက်ဆုံးရှုံးမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ထားသည်တို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွန်းက ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဆောင်ရွက်ပေးခဲ့သည်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၏ မေးမြန်းချက်များကို ဝန်ကြီးများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးများနှင့်အဖွဲ့သည် ထူးကဲဒီရေသင့်မှုကြောင့် ကော့သောင်းမြို့နယ် ပုလုံးတုံးတုံးတံတား ပျက်စီးမှုအခြေအနေနှင့် ပြန်လည်ပြုပြင်တည်ဆောက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ဆွေးနွေးပြောကြား

ထို့နောက် ဝန်ကြီးများသည် ကော့သောင်းမြို့နယ် အော်ကြီးကျေးရွာ မူလတန်းကျောင်းတွင်ထူးကဲဒီရေဒဏ်သင့်လူထုအား တွေ့ဆုံ၍ နိုင်ငံတော်၏ စေတနာနှင့် ဝန်ကြီးဌာနများအလိုက် အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပေးမှုနှင့် ရေရှည်ပံ့ပိုးကူညီမှုပေးမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားကြပြီး အားပေးစကားပြောကြားကြသည်။ ယင်းနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေ ကိုယ်စားလှယ်နှင့် ယူနီဆက်ဌာနေ ကိုယ်စားလှယ်တို့က တကယ့်ဖြစ်ရပ်မှန် အခြေအနေကို ကိုယ်တိုင်မြင်တွေ့ခွင့်ရရှိခြင်းနှင့် ငလျင်နှင့် ထူးကဲဒီရေဒဏ်သင့်ခဲ့သည့်ပြည်သူများအပေါ် အရေးပေါ်ကယ်ဆယ်ရေး လုပ်ငန်းဆောင်တာများအားလုံးကို နိုင်ငံတော်က အချိန်နှင့်တစ်ပြေးညီ ကူညီပံ့ပိုးဖြည့်ဆည်း ဆောင်ရွက် ပေးမှုများကို မျက်ဝါးထင်ထင်သိမြင်ရသည့်အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါကြောင်း ဆွေးနွေးပြောကြားကြသည်။

ထို့နောက် ဝန်ကြီးများနှင့်အဖွဲ့သည် အော်ကြီးကျေးရွာမှ တာဝန်ရှိသူများနှင့် ကျေးရွာလူထုအား တစ်ဦးချင်း တွေ့ဆုံမေးမြန်းကြပြီး ၎င်းတို့၏ တင်ပြချက်များအပေါ် ကူညီပံ့ပိုးဖြည့်ဆည်းပေးကြပြီး ထူးကဲဒီရေဒဏ်ကြောင့် ပျက်စီးခဲ့သည့် အော်ကြီးကျေးရွာရှိ အိုးအိမ် အဆောက်အအုံတို့ကိုလှည့်လည်ကြည့်ရှုကြသည်။

ပံ့ပိုးဖြည့်ဆည်း

ထိုမှတစ်ဆင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးနှင့်အဖွဲ့သည် ကော့သောင်းခရိုင် ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးသည် ဇန်နဝါရီ ၁၅ရက်တွင် တာဝန်ရှိသူများလိုက်ပါ၍ အသစ်တည်ဆောက်ပြီးစီးသည့် ခုတင်(၁၀၀)ဆံ့ ကော့သောင်းခရိုင် ပြည်သူ့ဆေးရုံသစ်ကြီးကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ ICT ရက်သတ္တပတ်

၂၀၀၅ ခုနှစ်

(၂၁-၁-၂၀၀၅) ရက်မှ (၂၇-၁-၂၀၀၅) ရက်အထိ

MICT Park၊ ရန်ကုန်မြို့။

စတုတ္ထအကြိမ် မြန်မာအိုင်စီတီရက်သတ္တပတ် ၂၀၀၅

(ဇန်နဝါရီ ၂၁ ရက်မှ ၂၇ ရက်အထိ)

ဇန်နဝါရီ ၂၁ ရက်၊ သောကြာနေ့

- ၀၉:၀၀-၁၇:၀၀ – အကြို ICT ပြပွဲ၊ ပြခန်းများ
- ၁၃:၀၀-၁၆:၃၀ – ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ
- – ICT Competitions

ဇန်နဝါရီ ၂၂ ရက်၊ စနေနေ့

- ၀၉:၀၀-၁၇:၀၀ – အကြို ICT ပြပွဲ၊ ပြခန်းများ
- ၀၉:၀၀-၁၂:၀၀ – ICT Product Presentation
- ၀၉:၀၀-၁၇:၀၀ – ICT Competitions
- ၁၃:၀၀-၁၆:၃၀ – ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၃ ရက်၊ တနင်္ဂနွေနေ့

- ၀၈:၃၀ – ဖွင့်ပွဲအခမ်းအနား
- ၁၀:၀၀-၁၇:၀၀ – ICT ပြပွဲ၊ ပြခန်းများ
- ၁၀:၀၀-၁၂:၀၀ – ICT Product Presentation
- ၁၀:၀၀-၁၇:၀၀ – ICT Competitions
- ၁၃:၀၀-၁၆:၃၀ – ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၄ ရက်၊ တနင်္လာနေ့

- ၀၉:၀၀-၁၇:၀၀ – ICT ပြပွဲ၊ ပြခန်းများ
- ၀၉:၀၀-၁၂:၀၀ – ICT Product Presentation
- ၀၉:၀၀-၁၇:၀၀ – ICT Competitions
- ၁၃:၀၀-၁၆:၃၀ – ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၅ ရက်၊ အင်္ဂါနေ့

- ၀၉:၀၀-၁၇:၀၀ – ICT ပြပွဲ၊ ပြခန်းများ
- ၀၉:၀၀-၁၂:၀၀ – ICT Product Presentation
- ၀၉:၀၀-၁၇:၀၀ – Network Game ပြိုင်ပွဲ
- ၁၃:၀၀-၁၆:၃၀ – ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့

- ၀၉:၀၀-၁၇:၀၀ – ICT ပြပွဲ၊ ပြခန်းများ
- ၀၉:၀၀-၁၂:၀၀ – ICT Product Presentation
- ၀၉:၀၀-၁၇:၀၀ – Network Game ပြိုင်ပွဲ
- ၁၃:၀၀-၁၆:၃၀ – ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၇ ရက်၊ ကြာသပတေးနေ့

- ၀၉:၀၀-၁၇:၀၀ – ICT ပြပွဲ၊ ပြခန်းများ
- ၀၉:၀၀-၁၇:၀၀ – Network Game နောက်ဆုံးပြိုင်ပွဲ
- ၁၃:၀၀-၁၆:၀၀ – ICT Competitions ပြိုင်ပွဲများ ဆုချီးမြှင့်ခြင်း
- – ကူညီပံ့ပိုးသူများအား ဂုဏ်ပြုလွှာပေးအပ်ခြင်း
- – အိုင်စီတီရက်သတ္တပတ်ပိတ်ပွဲအခမ်းအနား

(တနင်္ဂနွေနေ့တွင် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ၊ ကျန်နေ့များတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အခမဲ့ပြသပါမည်။)

MICT Park၊ တက္ကသိုလ်များလှိုင်နယ်မြေ၊ ရန်ကုန်။

မြောက်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ရေး အထောက်အကူပြု ဆွေးနွေးပွဲ အမှတ်စဉ်(၃/၂၀၀၄) အခမ်းအနားကို ဒီဇင်ဘာ ၂၉ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်ရီရီရှိန်က မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများမှ သင်တန်းသား၊ သင်တန်းသူများအား ဟောပြောပို့ချစဉ်။

(မြို့နယ် ပြန်/ဆက်)

စာမျက်နှာ ၃ ဆောင်းပါးမှအဆက်

အတတ်သင်နှင့် ဖွံ့ဖြိုးရေးဘာသာရပ်များကို သင်ပေးပြီးနောက် သက်ဆိုင်ရာဒေသများသို့ ပို့လွှတ်၍ ရပ်ရွာပညာရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်မှုအတွက် ဆောင်ရွက်နိုင်ကြစေရန်

ဟူ၍ဖြစ်သည်။

အထက်ပါရည်ရွယ်ချက်များ အောင်မြင်စေရန် ဖွံ့ဖြိုးရေးသင်တန်းသားများကို ရောက်ရာဒေသတွင် ပြည်ထောင်စုအကျိုးစီးပွားနှင့် တိုင်းရင်းသားလူမျိုးများ၏ အကျိုးစီးပွား ဖော်ဆောင်ရာ၌ အရည်အချင်းပြည့်ဝစွာ အဘက်ဘက်မှ ဦးဆောင်မှုပေးနိုင်ရန် လေ့ကျင့်သင်ကြားပေးခဲ့သည်။

ဒေသဖွံ့ဖြိုးရေးလုပ်နိုင်ရန် စိုက်ပျိုးမွေးမြူရေး ဘာသာရပ်များအပြင် သင်တန်းသားများအတွက် လက်မှုပညာ၊ သင်တန်းသူများအတွက် အိမ်တွင်းမှုဘာသာရပ်၊ စစ်ပညာ၊ ကြက်ခြေနီ၊ မြန်မာ့သိုင်းပညာ၊ တိုင်းရင်းဆေး၊ယဉ်ကျေးမှုအနုပညာ၊ အဆို၊ အတီး၊ အက၊ အခုန်တို့ကိုပါ သင်ကြားပေးသည်။ မိမိတတ်မြောက်သည့် ဘာသာစကားအပြင် အခြားတိုင်းရင်းသား ဘာသာစကားတစ်ခုကိုပါ မသင်မနေရ သင်ကြားရသည်။ ဒေသအနှံ့အပြား၌ ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ယူနိုင်ရန် တက္ကသိုလ်ကြီးက လေ့ကျင့်ပေးလျက်ရှိသည်။

ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် မူလတန်းဆရာအတတ်သင်တန်းမှ သင်တန်းသား၊ သင်တန်းသူများသည် တာဝန်ကျရာဒေသ၌ ပညာသင်ကြားပေးရေးတာဝန်အပြင် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံပြည်သူများအကြား မှန်ကန်သော ခံယူချက်၊ ယုံကြည်ချက် ပြည့်ဝရေး တစ်နည်းအားဖြင့် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားလာအောင် ပျိုးထောင်တည်ဆောက်သွားကြရေးတို့ကိုပါ ဆောင်ရွက်ကြရန် ဖြစ်သည်။

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၏ မူလတန်းဆရာအတတ်သင်ပုံမှန် သုံးနှစ်သင်တန်းများကို ၂၀၀၀-၂၀၀၁ ပညာသင်နှစ် ပုံမှန်သင်တန်းအမှတ်စဉ်(၃၆)မှစ၍ B.Edလေးနှစ်သင်တန်းအဖြစ်သို့ ပြောင်းလဲခဲ့သည်။ သင်တန်းပြီးဆုံးသည်နှင့် B.Ed ဘွဲ့ကို တိုက်ရိုက်အပ်နှင်းပြီး ပညာရေးဝန်ထမ်းများအဖြစ် တာဝန်ပေးအပ်မည်ဖြစ်သည်။ ၎င်းသင်တန်းလေးနှစ်ကာလပြီးဆုံးတော့မည်ဖြစ်၍ မကြာမီကာလအတွင်း လေ့လာရေးခရီးစဉ်စတင်ကာ နိုင်ငံတော်အကြီးအကဲအား တွေ့ဆုံဂါရဝပြုပြီး ဩဝါဒလမ်းညွှန်မှုများ ခံယူကြရပေတော့မည်။ ဖွံ့ဖြိုးရေး တက္ကသိုလ်မှ နောက်ဆုံးနှစ်သင်တန်း မဆင်းမီ နိုင်ငံတော်အကြီးအကဲအား တွေ့ဆုံဂါရဝပြုခွင့် ရရှိပြီး နိုင်ငံတော်အကြီးအကဲ၏ ဩဝါဒ အမှာစကားများကို မှတ်သားနာယူခွင့်ရှိကြသည်မှာ ဖွံ့ဖြိုးရေးတက္ကသိုလ် သင်တန်းသူ၊သင်တန်းသားများအတွက် အားသစ်ဥာဏ်သစ်လောင်းမည့် ထူးကဲသော အခွင့်အရေးကြီးတစ်ခုပင် ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

■ *ကျောဖုံးမှ*

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် ယခင်ရတနာပြပွဲများအတိုင်း ရောင်းရငွေများ အမြန်ရရှိရေး၊ ပြည်ပတင်ပို့ရေး၊ ရောင်းရငွေများကို ပြည်ပပို့ကုန်ရောင်းရငွေ(Export Earning)အဖြစ်သတ်မှတ်ရေးများနှင့် အခြားလိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်သည်။ ထို့ပြင် ရတနာပြပွဲသို့ ပြည်တွင်း၊ ပြည်ပမှ ရတနာကုန်သည်များ တက်ရောက်စေရန် ပြည်တွင်း၊ ပြည်ပမှ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

၂၀၀၅ခုနှစ် မတ်လတွင် ကျင်းပမည့် (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် နိုင်ငံသားများမှ တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများကို ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၅ ရက်မှစ၍ သတ်မှတ်ချက်များနှင့်အညီ စိစစ်လက်ခံခြင်း၊ အခြေခံရောင်းဈေးညှိနှိုင်းသတ်မှတ်ခြင်းများ ဆောင်ရွက်မည်ဖြစ်၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)နှင့် ဆက်သွယ် ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဥပဒေပညာရပ် ကျောင်းသား ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၈

ရန်ကုန်တက္ကသိုလ် First to Fifth Batch မှ ဥပဒေပညာရပ် ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဇန်နဝါရီ ၂၉ရက် နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီအထိ ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်မြေ့ရုံ၌ ကျင်းပမည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေများကို ဦးဟန်ထူး (ရှေ့နေချုပ်ရုံး)၊ ဦးဇော်ဝင်းလှိုင် ဖုန်း-၅၇၇၈၃၁နှင့် ဦးအေးသောင်း ဖုန်း-၃၈၂၈၉၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

နေရာကွက်ကျားမိုး

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ညနေအထိ နေရာကွက်ကျား မိုးအနည်းငယ်ရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

အနောက်ပိုင်းခရိုင်ဈေးများ မီးဘေးကာကွယ်ရေးစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၈

ရန်ကုန်အနောက်ပိုင်းခရိုင် ဈေးများဌာနခရိုင်မှူး ဒေါ်ခင်နီ၊ ဌာနခွဲမှူး ဦးအောင်သန်းထွဋ်၊ ဌာနစုမှူး ဒေါ်သဇင်သိန်းတို့နှင့် ကျောက်တံတားမီးသတ်ဇုန်နယ်မြေ ဒုမီးသတ်ဦးစီးမှူး ဦးခင်မောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ လမ်းမတော်လမ်းရှိ ညောင်ပင်လေးဈေးနှင့် သံဈေးတို့တွင် သက်ဆိုင်ရာ ဈေးတာဝန်ခံများနှင့် အတူ ဇန်နဝါရီ၁၇ရက်က မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအတွက် သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(ဝဲပုံ)**

အကြံပြု

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ဆိုင်ခန်းများ၊ မီးဘေးစိုးရိမ်ရသောနေရာများနှင့် မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုတို့ကိုကြည့်ရှုပြီး ခရိုင်မှူး ဒေါ်ခင်နီနှင့် ဒုမီးသတ်ဦးစီးမှူး ဦးခင်မောင်တို့က လိုအပ်သည်များ အကြံပြုခဲ့ကြောင်း သိရသည်။ **(က-ပ)**

နိုင်ငံတော်၏ဦးတည်ချက်များ ပြည့်မီအောင်မြင်ရေး ဝန်ထမ်းများ စေတနာအရင်းခံပြီး ဝန်ဆောင်မှုပေး

ရန်ကုန် ဇန်နဝါရီ ၁၈

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ၂၀၀၅ ခုနှစ် ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဒုတိယနေ့အစီအစဉ်ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် စက်မှု(၁)လမ်းရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်းတက်ရောက်၍ နိဂုံးချုပ်အမှာစကား ပြောကြားသည်။ (အပေါ်ပုံ)

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပြည်နယ်၊ တိုင်း အခွန်ဦးစီးဌာနမှူးများ၊ မြန်မာ့စီးပွားရေးဘဏ်မှ ပြည်နယ်၊ တိုင်းမန်နေဂျာများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ပြီးစီးမှု

ရှေးဦးစွာ မြန်မာ့စီးပွားရေးဘဏ်မှ ပြည်နယ်၊ တိုင်းမန်နေဂျာများက ဒေသအလိုက် လုပ်ငန်းလျာထားချက်နှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို သုံးသပ်တင်ပြကြရာ ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များမှာကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က ဘဏ်လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များအပေါ် သုံးသပ်ဆွေးနွေးပြီး ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက တင်ပြချက်များအပေါ်သုံးသပ်မှာကြားသည်။

ရည်မှန်းချက်

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် တင်ပြဆွေးနွေးခဲ့ကြသော လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ရည်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများ ကွာခြားနေရသည့် အကြောင်းအကျိုးများကို အခြေခံပြီးရှေ့ဆက်လက်ဆောင်ရွက်ရမည့် အစီအမံများကို ချမှတ်သွားကြရန် အထူးအရေးကြီးကြောင်း၊ နိုင်ငံတော်၏ ဦးတည်ချက်များပြည့်မီအောင်မြင်စေရေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဌာနအသီးသီး၏ လုပ်ငန်းဆောင်ရွက်မှုတိုင်းသည် လစ်ကွက် ဟာကွက် မရှိအောင် ထိရောက်ထက်မြက်နေရန် အထူးလိုအပ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းကျွမ်းကျင်မှု၊ ဝန်ဆောင်မှုပေးရာတွင်မြန်ဆန်ချောမွေ့စေမှု၊ စေတနာအရင်းခံပြီး ဆက်ဆံရေးပြေပြစ်မှု၊ နည်းပညာဆိုင်ရာတိုးတက်မှု အရည်အသွေးများဖြင့် ပြည်သူလူထုအတွက် နိုင်ငံတကာအဆင့်မီ အကောင်းဆုံး ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ ဆောင်ရွက်ရမည်ဆိုသည်ကို ဝန်ထမ်းတိုင်းသိရှိနားလည် ခံယူထားကြရန် အထူးအရေးကြီးကြောင်း၊ ဝန်ထမ်းများအား စွမ်းရည်ပြည့်ဝစေရေးနှင့် စနစ်တကျရှိစေရေး အမြဲဂရုပြု ကြပ်မတ်နေရန်နှင့် ဌာန၏ တာဝန်နှင့် ရည်မှန်းချက်များကို မှန်ကန်ပြည့်စုံစွာ နားလည်သဘောပေါက်ရေး၊ အပြည့်အဝ တာဝန်ထမ်းဆောင်ရေးအတွက် တွန်းအားပေးနေရန်လိုအပ်ကြောင်းဖြင့် ပြောကြားသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထေရဝါဒဗုဒ္ဓသာသနာပြုရဟန်းတော်များသင်တန်းနှင့် တိုင်းရင်းဆေးပညာပေးသင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၈

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ထေရဝါဒဗုဒ္ဓသာသနာပြု ဩဝါဒါစရိယဆရာတော်များအဖွဲ့၏ ကြီးကြပ်မှုဖြင့် သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနက ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ၌ ထေရဝါဒဗုဒ္ဓသာသနာပြု ရဟန်းတော်များ သင်တန်းအမှတ်စဉ် (၁၅)နှင့် တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှု အခြေခံပညာပေးသင်တန်း အမှတ်စဉ်(၆)ကို ဖေဖော်ဝါရီ ၇ ရက်မှ မတ် ၇ ရက်အထိ ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ရာ နယ်စပ်နှင့်တောင်တန်းဒေသများ၌ သာသနာပြုတာဝန် ထမ်းဆောင်လျက်ရှိပြီး သာသနာပြု ရဟန်းတော်သင်တန်း မတက်ရသေးသော သာသနာပြု ရဟန်းတော်များသည် သင်တန်းတက်ရောက်ရန်အတွက် သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ပြည်တွင်းသာသနာပြုဌာနခွဲသို့ ဖေဖော်ဝါရီ ၅ ရက်အရောက် သတင်းပို့ကြရမည်ဖြစ်ကြောင်းနှင့် သာသနာပြုရဟန်းတော်အဖြစ် လျှောက်ထားလိုသော ငါးဝါနှင့်အထက် အလတ်တန်းအောင်ပြီးသော ရဟန်းတော်များသည် ပြည်တွင်းသာသနာပြုဌာနခွဲသို့ ကြွရောက် ဆက်သွယ်စုံစမ်းနိုင်ကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

✡ **ကျောဖုံးမှ**

ကြည့်ရှုစစ်ဆေး

အခမ်းအနားအပြီးတွင် တိုင်းမှူးသည် စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဓာတ်အားထုတ်လွှတ်

အဆိုပါကန်ဘဲ့ကျေးရွာ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံအား တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ စက်နှင့် ပစ္စည်းတန်ဖိုး ထောက်ပံ့ငွေကျပ် ၁၀ သိန်းနှင့် ဒေသခံပြည်သူများမှ ထည့်ဝင်ငွေကျပ် ၃၅သိန်း စုစုပေါင်း ၄၅သိန်း အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ကျေးရွာအတွင်း ဘုရား၊ ကျောင်း၊ လမ်း၊ အိမ်ထောင်စုသုံး နှစ်ပေမီးချောင်း စုစုပေါင်း၂၅၄ချောင်းကို နေ့စဉ်နံနက် ၄ နာရီမှ ၆ နာရီအထိနှင့် ညနေ၆နာရီမှ ည ၉ နာရီခွဲအထိ လျှပ်စစ်ဓာတ်အားထုတ်လွှတ် အသုံးပြုလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကွယ်လွန်သူ မိဘများဖြစ်ကြသော ဦးဟံမက်–ဒေါ်နှင်းနွယ်တို့အား ရည်စူး၍ အမှတ်(၂၆)၆လမ်း ကျိုက်လတ်မြို့နေ ဦးကျော်မြင့်က ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်းပဒေသာပင် အလှူငွေကျပ်တစ်သိန်းကို လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးမှူး ဦးသန်းရွှေက လက်ခံယူစဉ်။

(က–ပ)

အထက(၂)တောင်ဥက္ကလာပ မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၈

တောင်ဥက္ကလာပမြို့နယ် အထက (၂)တွင် တာဝန်ထမ်းဆောင်ခဲ့၊ ထမ်းဆောင်ဆဲ ဆရာ၊ ဆရာမများနှင့် ကျောင်းအုပ်ကြီးများအားကျောင်းသား၊ ကျောင်းသူဟောင်းများက သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ကျောင်းခန်းမ၌ ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့)နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(၁၉၂)

နေရာကွက်ကျား မိုးအနည်းငယ်ရွာဖွယ်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၈

ယနေ့နံနက် မြန်မာစံတော်ချိန် ၉ နာရီခွဲ တိုင်းထွာချက်များအရ မွန်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ယနေ့နံနက်မှ နောက် ၄၈နာရီအတွင်း နေရာကွက်ကျား မိုးအနည်းငယ်ရွာဖွယ်ရာရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ယနေ့ ထုတ်ပြန်သည်။

ပြင်သစ်နိုင်ငံ ပါရီမြို့ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီ ဗဟိုရုံးခန်း (ဗဟန်း ၃ လမ်းမှတ်တိုင်အနီး) တွင်ဒုတိယဗိုလ်မှူးကြီးမြလွင်(ငြိမ်း)၊ ဇနီး ဒေါ်ခင်ဌေးမှိ မိသားစုသုခလမ်း သွယ်(၇)ရပ်ကွက် လှိုင်မြို့နယ်က အလှူငွေကျပ် နှစ်သိန်းကို အတွင်းရေးမှူး ဦးမောင်မောင်မြင့်သို့ ပေးအပ်လှူဒါန်းစဉ်။

(က–ပ)

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များဖွင့်လှစ်နိုင်ရေးဆောင်ရွက် စေတနာရှင်၊အလှူရှင်များ နေ့စဉ်မပြတ် ငွေနှင့်စာအုပ်များလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၈

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက နိုင်ငံတစ်ဝန်းလုံးရှိ ကျေးရွာတိုင်းကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ စေတနာရှင်၊ အလှူရှင်များက နေ့စဉ်မပြတ်ငွေနှင့် စာအုပ်များကို ပေးပို့လှူဒါန်းလျက်ရှိကြသည်။

တိုက်ရိုက်လှူဒါန်း

၂၀၀၅ ခုနှစ် ဇန်နဝါရီလ ဒုတိယပတ်အထိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)သို့ တိုက်ရိုက်လှူဒါန်းခဲ့ကြသည့်အလှူရှင်များမှာ ဦးဇော်ဝင်း–ဒေါ်ခင်အေးမူ (သာကေတမြို့နယ်)က ငွေကျပ် ၅၀၀၀ နှင့် ဂျာနယ် ၁၀၅ စောင်၊ ဦးသောင်းမြင့် (အင်းစိန်မြို့နယ်)က ငွေကျပ် ၃၀၀၀ နှင့် ဘာသာရေး စာစောင်ငါးစောင်၊ ဦးညွန့်ဝင်း (ပန်းဘဲတန်းမြို့နယ်)က သုတ၊စွယ်စုံကျမ်းနှင့် စာစောင် ၂၅၉စောင်၊ ဦးမျိုးဆိုင်(ဗိုလ်တထောင်မြို့နယ်)က သုတမဂ္ဂဇင်း ၆၂ အုပ်၊ ဦးခင်မောင်ဇော် (တက္ကသိုလ်ခင်မောင်ဇော်)– ဒေါ်ဌေးဌေး၊ သမီး ဝင်းမာဌေး (ကမာရွတ်မြို့နယ်)က သုတမဂ္ဂဇင်းစာစောင် ၇၀၊ ဦးခင်မောင်တင့်– ဒေါ်ဖြူဖြူအောင် (တာမွေမြို့နယ်)က စွယ်စုံကျမ်း၊ သုတမဂ္ဂဇင်းစာအုပ် ၃၅ အုပ်၊ ဒေါ်မြင့်မြင့်သိန်း (ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)က သုတမဂ္ဂဇင်း၊ ဂျာနယ် ၁၃၅ အုပ်၊ ဒေါ်သင်းသင်းလှ (ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်)က မဂ္ဂဇင်းအုပ် ၅၀၊ ဦးခင်မောင်အေး(သဃ်န်းကျွန်းမြို့နယ်)က ဝတ္ထု၊ မဂ္ဂဇင်း၊ ဂျာနယ် ၂၄၆ အုပ်၊ ဦးကျော်ဇင်ဦး(ညွှန်ကြားရေးမှူး)–ဒေါ်စန်းစန်းလွင် မိသားစုက သုတမဂ္ဂဇင်း၁၂၈အုပ်၊ ဦးဝင်းထွဋ်နိုင် (လမ်းမတော်မြို့နယ်)က မဂ္ဂဇင်း၊ လုံးချင်း၊ ဂျာနယ် ၃၄၆ အုပ်၊ ဦးလှဦး၊ ဒေါ်လှလှဌေး(သာကေတမြို့နယ်)က သုတ၊ မဂ္ဂဇင်း၊ စာစောင် ၇၈ အုပ်၊ ဒေါ်မြတ်သီရိခိုင် (ဒေါပုံမြို့နယ်)က ဘာသာရေးစာစောင် ၃၇ စောင်၊ စာရေးဆရာငြိမ်းအောင် (မြန်မာ့သစ်လုပ်ငန်း)က ဂျာနယ် ၂၅ စောင်၊ မောင်နောင်ထွန်းနိုင်နှင့် မမြစန္ဒီနိုင် (မင်္ဂလာဒုံမြို့နယ်)က ဂျာနယ်အစောင် ၇၀၊ စာရေးဆရာဗညားဦး (အိမ်မဲ) (အင်းစိန်မြို့နယ်)က မဂ္ဂဇင်း၊ ဂျာနယ် ၁၆ အုပ်၊ ဦးအောင်ကျော်ဦး၊ ဦးကျော် မျိုးနိုင်(လမ်းမတော်မြို့နယ်)က သုတအုပ် ၃၀၊ မသရဖီအေးနိုင်(မရမ်း ကုန်းမြို့နယ်)က မဂ္ဂဇင်း၊ ဂျာနယ် ၁၇၄ အုပ်၊ ဦးဆွေငြိမ်း(လှိုင်မြို့နယ်)က မဂ္ဂဇင်းကိုးအုပ်၊ဦးအောင်စိုး–ဒေါ်မြင့်မြင့် (သဃ်န်းကျွန်းမြို့နယ်)က သုတ၊ မဂ္ဂဇင်း၊ ဂျာနယ် ၁၀၀၊ ဒေါ်ညိုညိုစိမ့် (ပုဇွန်တောင်မြို့နယ်)က သုတ၊ စာစောင် ၂၁၅ အုပ်၊ မောင်မင်းစိုး(လသာမြို့နယ်)က မဂ္ဂဇင်း ၂၅ အုပ်၊ ဦးမြင့်စိုး (ဗိုလ်တထောင်မြို့နယ်)က သုတ၊ ဂျာနယ် ၂၅၁ အုပ်၊ ဦးလှဝင်း–ဒေါ်မိမိအေး (တောင်ဥက္ကလာပမြို့နယ်) က မဂ္ဂဇင်း၊ စာစောင် ၃၉၈ အုပ်တို့ ဖြစ်ကြသည်။

ဆက်သွယ်လှူဒါန်းနိုင်

အဆိုပါ အလှူရှင်များထံ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ကျေးဇူးတင်ဂုဏ်ပြုလွှာများကို ပေးပို့လျက်ရှိကြောင်းနှင့် ကျေးရွာကိုယ့်အား ကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်များနှင့် ငွေပဒေသာပင်များကို အမှတ်(၂၂/၂၄) ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှတ်(၁)စက်မှုဝန်ကြီး ဦးအောင်သောင်းအား ကိုရီးယားသမ္မတနိုင်ငံမှ မန်နေဂျင်းဒါရိုက်တာနှင့်အဖွဲ့ဝင်များတွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၁၈

အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းအား ကိုရီးယားသမ္မတနိုင်ငံ M/S A.C.E Industry INC, Korea မှ မန်နေဂျင်းဒါရိုက်တာ Mr. Kicheol Kim နှင့် အဖွဲ့ဝင်များသည် ယနေ့နံနက် ၈နာရီတွင် အမှတ်(၁)စက်မှုဝန်ကြီးဌာနရှိ ဝန်ကြီး၏ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။ (အပေါ်ပုံ)

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်း၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စက်ရုံအဆောက်အအုံများ သတ်မှတ်ကာလပြီးစီးအောင်တည်ဆောက် အရည်အသွေးမီစက်ပစ္စည်းများ ပြည်ပသို့တင်ပို့နိုင်သည်အထိကြိုးစားထုတ်လုပ်

ရန်ကုန် ဇန်နဝါရီ ၁၈

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးသိမ်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၁၅ရက်တွင် မန္တလေးတိုင်း မန္တလေးစက်မှုဇုန် အမှတ်(၂)သို့ ရောက်ရှိပြီး စက်ပစ္စည်းအလုပ်ရုံ(၁)နှင့် (၂) သံရည်ကျိုအလုပ်ရုံနှင့် သံပုံထောင်းအလုပ်ရုံများ တည်ဆောက်နေမှုနှင့် အဆိုပါအလုပ်ရုံများအတွက် ပြည်ပမှရောက်ရှိလာသော စက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစားပေးဆောင်ရွက်

ထို့နောက် ဝန်ကြီးသည် စီမံကိန်းရှင်းလင်းဆောင်၌ မန္တလေးစက်မှုဇုန်များ အဆင့်တိုးမြှင့်ရေး စီမံကိန်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ နိုင်ငံတော်အနေဖြင့် အဓိကကျသည့် စက်မှုဇုန်(၃)ခုဖြစ်သည့် မန္တလေးစက်မှုဇုန်၊ တောင်ကြီးစက်မှုဇုန်နှင့် မုံရွာစက်မှုဇုန်တို့တွင် နိုင်ငံတော်က နိုင်ငံခြားငွေစိုက်ထုတ်ပေးပြီး စက်ပစ္စည်းအလုပ်ရုံများ၊ သံရည်ကျိုအလုပ်ရုံများနှင့် သံပုံထောင်း အလုပ်ရုံများကို တည်ထောင်ပေးလျက်ရှိကြောင်း၊ အဆိုပါ စက်မှုဇုန်များမှ အဆင့်အတန်းမီ စက်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်ပေးခြင်းဖြင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် တစ်ဖက်တစ်လမ်းက ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ စက်ရုံများအတွက် စက်ပစ္စည်းများလည်း ရောက်ရှိနေပြီဖြစ်သည့်အတွက် စက်မှုဇုန်များအနေဖြင့် စက်ရုံအဆောက်အအုံများကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင် တည်ဆောက်ပြီး စက်ပစ္စည်းများ တပ်ဆင်စမ်းသပ်လည်ပတ်မှုကို လျာထားချက်အတိုင်း ဦးစားပေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာနအနေဖြင့်လည်း ဤစက်ရုံများတွင် လုပ်ကိုင်ကြမည့် လုပ်သားများကို အမှတ်(၁) လယ်ယာသုံး စက်ပစ္စည်းထုတ်လုပ်မှုစက်ရုံ(ဆင်တဲ)တွင် နည်းပညာများ သင်ကြားပေးပြီးဖြစ်ရာ စက်များ နေရာချထားခြင်း၊ စက်များ စမ်းသပ်လည်ပတ်ခြင်းတို့ကို ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်းဖြင့် ပဏာမ ဆွေးနွေးမှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးသိမ်းက မန္တလေးစက်မှုဇုန်များ အဆင့်တိုးမြှင့်ရေး စီမံကိန်းတွင် စက်မှုပိုင်းဆိုင်ရာများ ပံ့ပိုးကူညီပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မန္တလေးစက်မှုဇုန်များ အဆင့်တိုးမြှင့်ရေးစီမံကိန်း စက်ရုံများ တည်ဆောက်မှု ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ မန္တလေးတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးကျင်လင်းက မန္တလေးစက်မှုဇုန်တွင် သံရည်ကျိုအလုပ်ရုံ၊ စက်ပစ္စည်းအလုပ်ရုံ၊ ပုံဖိပုံထောင်းအလုပ်ရုံများ တည်ဆောက်ပြီးစီးမှု အခြေအနေ၊ ပြည်ပမှစက်ပစ္စည်းများ ရောက်ရှိမှုအခြေ အနေနှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကြိုးစားထုတ်လုပ်

ယင်းနောက် ဝန်ကြီးက လုပ်ငန်းတွင် လိုအပ်မည့် ကုန်ကြမ်းများကို ကြိုတင်စုဆောင်းထားရှိရေး၊ အရည်အသွေးမီ စက်ပစ္စည်းအစိတ်အပိုင်းများကို ပြည်ပသို့ တင်ပို့နိုင်သည်အထိ ရည်မှန်းကြိုးစား ထုတ်လုပ်ရေး၊ လုပ်ငန်းများ အောင်မြင်ရေးအတွက် အမှတ်(၂) စက်မှုဝန်ကြီးဌာနက ပံ့ပိုးကူညီမည်ဖြစ်သဖြင့် ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၉-၁-၂၀၀၅(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၅။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈း၁၀	၆။	အဆိုပြိုင်ပွဲ
၈း၂၀	၇။	ပိုင်ကျုံရေထိန်းတံခါး
၈း၃၀	၈။	International News
၈း၄၅	၉။	Let's ˚Go
၉း၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	Practice in Reading
၁၆း၄၅	၄။	တေးဂီတအစီအစဉ်
၁၇း၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(သင်္ချာအထူးပြု) (သင်္ချာ)
၁၇း၁၅	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇း၃၀	၇။	အကပြိုင်ပွဲ
၁၇း၄၅	၈။	ဂီတမဟာပျော်စရာ
၁၇း၅၅	၉။	**"မေ့ထားလို့တော့မဖြစ်ဘူး"** ထွန်းထွန်းဝင်း၊ နေအောင်၊ စောနိုင်(ရှမ်းပြည်)၊ ဥက္ကာမင်းမောင်၊ မြင့်မြင့်ခိုင်၊ သင်းသင်းယုလှိုင်၊ ဇွန်ပွင့် (ဒါရိုက်တာ-စင်ရော်မောင်မောင်)
၁၈း၁၅	၁၀။	ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၈း၂၅	၁၁။	Discovery
၁၈း၃၀	၁၂။	ညနေခင်းသတင်း
၁၉း၀၀	၁၃။	မိုးလေဝသအခြေအနေ
၁၉း၀၅	၁၄။	အမေရိကန်ဆိနိတ်ရဲ့သံကို ကြွက်စား သားကိုစွန့်ချီ ဆုံးဖြတ်ချက်
၁၉း၂၀	၁၅။	တေးဂီတအစီအစဉ်
၁၉း၃၅	၁၆။	Myanmar ICT Week အစီအစဉ်
၁၉း၄၅	၁၇။	**"မင်းမသိသေးပါဘူးကွာ"** ဇော်၊ ငှက်ပျောကြော်၊ ချစ်စရာ၊ ကြူကြူသင်း၊ အေးအေးခိုင် (ဒါရိုက်တာ-ဆွေဇင်ထိုက်)
၂၀း၀၀	၁၈။	ပြည်တွင်းသတင်း
	၁၉။	နိုင်ငံတကာသတင်းများ
	၂၀။	မိုးလေဝသအခြေအနေ
	၂၁။	**"မမှောင်သောအလင်း"** (အပိုင်း-၆) **'အလွမ်းခြေရာထပ်သည့် အမှတ်ရစရာကလေးများ'** ဖိုးသောကြာ၊ ဗျိုက်၊ မင်းသူ၊ လွင်မိုး၊ ဇော်ဦး၊ မင်းဟိဏ်း၊ ရတနာခင်၊ ခင်သန်းနွယ်၊ ခင်စိုးပိုင်၊ သန်းသန်းစိုး၊ သူသူဟံသာ (ဒါရိုက်တာ-သက်တင်)
	၂၂။	နောက်တစ်နေ့အစီအစဉ်
	၂၃။	အစီအစဉ်ပြီး၏။

နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် တပ်မတော်(ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲဆက်

ရန်ကုန် ဇန်နဝါရီ ၁၈

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲကို ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ဆက်လက်ကျင်းပရာ ပြိုင်ပွဲများမစတင်မီ ဒဂုံမြို့သစ်(အရှေ့ပိုင်း) အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် ဒလမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတို့မှ ကျောင်းသားကျောင်းသူလေးများပါဝင်သော ဘင်ခရာအဖွဲ့က စစ်ချီတေးများ၊ အလှသရုပ်ဖော်ပြကွက်များဖြင့် စွမ်းရည်ပြ ဂုဏ်ပြုဖျော်ဖြေကြသည်။

စစ်တီးဝိုင်းများယှဉ်ပြိုင်

ထို့နောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၂)၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၂)၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းနှင့် အမှတ်(၄) စစ်အခြေခံ လေ့ကျင့်ရေးတပ်ကိုယ်စားပြု စစ်တီးဝိုင်းများ ယှဉ်ပြိုင်ကြသည်။

ထိုသို့ယှဉ်ပြိုင်ရာတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၂)က မျိုးချစ်ဓာနည်၊ ပြည်သူ့သားကောင်း၊ စံပြဒို့တပ်မတော် စစ်ချီတေးများဖြင့်လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၂)က ပြည်သူ့တပ်မတော်၊ အောင်ပွဲရတဲ့ဒို့စစ်သည်၊ တပ်မတော် စစ်ချီတေးများဖြင့်လည်းကောင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းက အောင်ပွဲရတဲ့ ဒို့စစ်သည်၊ ကျန်ရှိသေးသော တာဝန်တစ်ရပ်၊ တူယှဉ်ကာတိုက်စို့ စစ်ချီတေးများဖြင့်လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းက ထာဝစဉ်နုပျိုနေတဲ့ဒို့တပ်မတော်၊ တပ်မတော်၊ ပြည်သူ့တပ်မတော် စစ်ချီတေးများဖြင့်လည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းက အောင်လံလွှင့်မယ့် ဒို့တပ်မတော်၊ တူယှဉ်ကာတိုက်စို့၊ မျိုးချစ်ဓာနည် စစ်ချီတေးများဖြင့်လည်းကောင်း၊ အမှတ်(၄) စစ်အခြေခံလေ့ကျင့်ရေးတပ်ကိုယ်စားပြု စစ်တီးဝိုင်းက ပြည်သူ့တပ်မတော်၊ အောင်လံလွှင့်မယ့် ဒို့တပ်မတော်၊ ထာဝစဉ်နုပျိုနေတဲ့ ဒို့တပ်မတော် စစ်ချီတေးများဖြင့်လည်းကောင်း သရုပ်ဖော်ပြကွက်များဖြင့် တီးမှုတ်ယှဉ်ပြိုင်ကြသည်။

ဂုဏ်ပြုဆုငွေပေးအပ်

ဆက်လက်၍ နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီအဖွဲ့ဝင် ဒုတိယစစ်ရေးချုပ် ဗိုလ်မှူးကြီးခင်စိုးက အလှသရုပ်ပြဖျော်ဖြေကြသည့် ဒဂုံမြို့သစ် (အရှေ့ပိုင်း) အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် ဒလမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတို့မှ ဘင်ခရာအဖွဲ့များကိုယ်စား အဖွဲ့ခေါင်းဆောင်တို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယနေ့ကျင်းပသည့် (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲသို့ တပ်မတော်အရာရှိကြီးများ၊ အမှတ်ပေးအကဲဖြတ်အဖွဲ့များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ တပ်မတော် (ကြည်း၊ရေ၊လေ) အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီးသို့ အလှူငွေနှင့်သွေးများလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၈

တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီးခုတင်(၅၀၀)၌ တက်ရောက် ကုသနေသော လူနာများ အသုံးပြုရန်အတွက် စမ်းချောင်းမြို့နယ် ရှိုင်းဟုတ်ကုမ္ပဏီ မေတ္တာမွန်အဖွဲ့က ငွေကျပ်တစ်သိန်းနှင့် သွေးလှူရှင် ၅၀၏ စုပေါင်းသွေးလှူဒါန်းခြင်း အခမ်းအနားကို ဇန်နဝါရီ ၁၅ ရက် နံနက်၉နာရီတွင် အဆိုပါ ဆေးရုံကြီးရှိ ဓာတ်ခွဲခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရှိုင်းဟုတ်ကုမ္ပဏီ မေတ္တာမွန်အဖွဲ့ ကိုယ်စား အတွင်းရေးမှူး ဦးအောင်သန်းက ငွေကျပ်တစ်သိန်းနှင့် သွေးလှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းပြောကြားပြီး ငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ **(ဝဲပုံ)** တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး ခုတင်(၅၀၀) တပ်မှူး ဒုတိယဗိုလ်မှူးကြီးထွန်းထွန်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်၍ ကျေးဇူးတင်စကား ပြောကြားသည်။

အားပေး

ထို့နောက် သွေးလှူရှင် ၅၀တို့က သွေးများလှူဒါန်းကြရာ တာဝန်ရှိသူများက ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ချေးငွေကောက်ခံရေးလုပ်ငန်းညှိနှိုင်း

ရန်ကုန် ဇန်နဝါရီ ၁၈

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်းသည် ဇန်နဝါရီ၁၂ရက်က ရန်ကုန်မြို့မှ ပုဂံညောင်ဦးမြို့သို့ လေကြောင်းခရီးဖြင့်ရောက်ရှိပြီး စေတုတ္တရာမြို့သို့ မော်တော်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာ၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ ဝန်ထမ်းများနှင့်တွေ့ဆုံကာ လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ဇန်နဝါရီ၁၃ရက်တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မကွေးတိုင်းဘဏ်ခွဲ၌ တိုင်းအတွင်း၂၅မြို့နယ်မှ မြို့နယ်မန်နေဂျာများနှင့်တွေ့ဆုံ၍ ၂၀၀၄ မိုးချေးငွေ ပြန်လည်ကောက်ခံရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။ **(က-ပ)**

ဒေသဖွံ့ဖြိုးရေးဝန်ထမ်းများနှင့် ပြည်သူများပူးပေါင်းဆောင်ရွက် ရော်ဘာဖြစ်ထွန်းနိုင်မည့်နေရာများတွင် ရော်ဘာစိုက်ပျိုးရေးကြိုးပမ်း

ရန်ကုန် ဇန်နဝါရီ ၁၈

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်သည် လင်းခေးမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား ဇန်နဝါရီ ၆ရက် နံနက် ၈နာရီက လင်းခေးမြို့ မြို့နယ်ခန်းမ၌တွေ့ဆုံရာ ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မောင်းနှင့် တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အင်ဂျင်နီယာမှူးကြီး ဦးသိန်းဇော်က လင်းခေး–မိုင်းပန် –တာဆန်းလမ်း ဖောက်လုပ်မှုအခြေအနေများကိုလည်းကောင်း၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူးကြီးဦးဗျားနိုက စည်ပင်သာယာရေးလုပ်ငန်းများနှင့် လင်းခေးမြို့ ရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို လည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ပူးပေါင်းဆောင်ရွက်

ထို့နောက် တိုင်းမှူးက ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ကြရေး၊ ရော်ဘာစိုက်ပျိုးဖြစ်ထွန်းနိုင်မည့်နေရာများတွင် ရော်ဘာစိုက်ပျိုးရန်ကြိုးပမ်းဆောင်ရွက်ကြရေး ဆွေးနွေးမှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးသည် လင်းခေးမြို့သို့ ရေပေးဝေမည့် ရေဂါလန် ၆၀၀၀၀ဆံ့ ရေလှောင်ကန်သို့လည်းကောင်း၊ ဒါးဆိပ်မြစ်ရေတင်စီမံကိန်းမှ စိုက်ပျိုးရေပေးဝေမည့် အခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

စိုက်ပျိုးရေပေးဝေ

အဆိုပါ ဒါးဆိပ်မြစ်ရေတင်စီမံကိန်းတွင် ရေပေးမြောင်းအရှည်ပေ ၂၇၈၀၀ရှိပြီး လယ်မြေဧက ၃၄၀၀ကို စိုက်ပျိုးရေပေးဝေနိုင်ကြောင်း သိရသည်။

ဆွေးနွေးမှာကြား

ထိုမှတစ်ဆင့် တိုင်းမှူးသည် ခိုလန်–ဝမ်ဆင်း–မိုင်းနောင်လမ်း၊ ခိုလန်–ဝမ်ဆင်းလမ်းပိုင်း မိုင်တိုင်(၂/၄)ရှင်းလင်းဆောင်သို့ရောက်ရှိရာ တိုင်းမှူးအား နယ်မြေခံစစ်ဗျူဟာမှူး ဗိုလ်မှူးကြီးသာအောင်က လမ်းလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးကလမ်းများ စံချိန်စံညွှန်းပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်းပြီးစီးအောင် ဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ညပိုင်းတွင် တိုင်းမှူးသည် မိုင်းနောင်မြို့သို့ရောက်ရှိပြီး မိုင်းနောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဆောက်လုပ်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

* ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေး မူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊
* တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊
* ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊
* နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ပြည်ပအဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊
* နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

သဘာဝရေချိုငါးဥယျာဉ် ဖွင့်လှစ်ပြသနိုင်ရေး ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း ဆွေးနွေးမှာကြား

ရန်ကုန် ဇန်နဝါရီ ၁၈

ရန်ကုန်မြို့တော် ကန်တော်ကြီး ဥယျာဉ်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြင့်တည်ဆောက်ရေး Education Zone ရှိ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန သဘာဝရေချို ငါးဥယျာဉ်ဖွင့်လှစ်ပြသနိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၈နာရီတွင် ကန်တော်ကြီးငါးဥယျာဉ်ရှင်းလင်းဆောင်၌ကျင်းပရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလုဝင်းနှင့် ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ ဝန်ကြီးနှင့်အဖွဲ့သည် သဘာဝရေချိုငါးဥယျာဉ်၏ ရှားပါးအဖိုးတန် အလှငါးများအား မှန်လှောင်အိမ်များဖြင့် ပြသထားမှု၊ သဘာဝရှုခင်းရှုကွက်များ ဆောင်ရွက်ထားမှု၊ ကုန်းနေ၊ရေနေသတ္တဝါများ၏ အသံ(Audio Sound System) ဖန်တီးပြသမှုပြခန်းနှင့် မိကျောင်းနှင့် လိပ်ပြကွက်၊ အိမ်မွေး အလှငါးအရောင်းဆိုင်များ ဆောက်လုပ်မည့် မြေနေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ငါးဥယျာဉ်ရှင်းလင်းဆောင်၌ သဘာဝရေချိုငါးဥယျာဉ် ဖွင့်လှစ်ပြသနိုင်ရေးအတွက် ကြိုတင်ဆောင်ရွက်ရမည့် အခြေအနေများကို တာဝန်ရှိသူများက တင်ပြကြရာ ဝန်ကြီးကသဘာဝအတိုင်းဖန်တီးထားမှုများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေး၊ စည်းကမ်းစနစ်ကျနသော ပညာပေးဥယျာဉ်ကြီးဖြစ်အောင် ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၅၈)နှစ်မြောက်ပြည်ထောင်စုနေ့ကျင်းပရေး ကြိုဆိုနေရာချထားရေးဆပ်ကော်မတီညှိနှိုင်း

ရန်ကုန် ဇန်နဝါရီ ၁၈

၂၀၀၅ ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် ဘုရင့်နောင်လမ်းရှိ အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်းဧည့်တွေ့ခန်းမဆောင်၌ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးသို့ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ကြိုဆိုနေရာချထားရေးဆပ်ကော်မတီဥက္ကဋ္ဌ တပ်မတော်မှတ်တမ်းရုံးတပ်မှူးနှင့် အမှတ်(၂)စစ်ဒေသမှူး ဗိုလ်မှူးချုပ်မျိုးမြင့်၊ အတွင်းရေးမှူး အမှတ်(၁) စစ်ကြောရေးနှင့်တည်းခိုရေးစခန်း တပ်မှူး ဒုတိယဗိုလ်မှူးကြီးတင်ကြိုင်၊ ပို့ဆောင်ဆက်သွယ်ရေးဆပ်ကော်မတီ၊ ကျွေးမွေးဧည့်ခံရေး ဆပ်ကော်မတီ၊ အလံတင်အခမ်းအနားစီစဉ်ရေးဆပ်ကော်မတီနှင့် လုံခြုံရေးဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊လေ့လာမည့် ဌာနများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် ရှေးဦးစွာ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ကြိုဆိုနေရာချထားရေးဆပ်ကော်မတီဥက္ကဋ္ဌ တပ်မတော်မှတ်တမ်းရုံး တပ်မှူးနှင့် အမှတ်(၂) စစ်ဒေသမှူး ဗိုလ်မှူးချုပ်မျိုးမြင့်က အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက်(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဗိုလ်မှူးမြင့်ထွန်းက ပြည်ထောင်စုနေ့ကျင်းပရေး ကြိုဆိုနေရာချထားရေးဆပ်ကော်မတီနှင့်လုပ်ငန်း အဖွဲ့ငယ်များဖွဲ့စည်းတာဝန်ပေးအပ်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ ဦးစီးရုံးအဖွဲ့၊ ကြိုဆိုရေးအဖွဲ့ငယ်၊ လေ့လာရေးအဖွဲ့ငယ်၊ ဖျော်ဖြေရေးနှင့်သက်သာချောင်ချိရေးအဖွဲ့ငယ်၊ အဆောင်မွမ်းမံရေး၊ နေရာချထားရေးနှင့် ပစ္စည်းထောက်ပံ့ရေးအဖွဲ့ငယ်နှင့် ကျန်းမာရေးနှင့် သန့်ရှင်းရေးအဖွဲ့ငယ်တို့မှ တာဝန်ရှိသူများက အဖွဲ့ငယ်အလိုက် ဆောင်ရွက်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပို့ဆောင်ဆက်သွယ်ရေး ဆပ်ကော်မတီ၊ ကျွေးမွေးဧည့်ခံရေး ဆပ်ကော်မတီ၊ အလံတင်အခမ်းအနားစီစဉ်ရေးဆပ်ကော်မတီနှင့် လုံခြုံရေးဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက ဆပ်ကော်မတီအလိုက် ဆောင်ရွက်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက်အစည်းအဝေးသို့တက်ရောက်လာကြသော ဌာနဆိုင်ရာများမှတာဝန်ရှိသူများနှင့် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များ သွားရောက်လေ့လာမည့် ဌာနများမှကိုယ်စားလှယ်များက သက်ဆိုင်ရာဌာနအလိုက် ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူး ဦးရဲ လှမြတ်က ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ယင်းနောက် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မျိုးမြင့်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

၂၀၀၅ ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီဥက္ကဋ္ဌ တပ်မတော် မှတ်တမ်းရုံးတပ်မှူး အမှတ်(၂) စစ်ဒေသမှူး ဗိုလ်မှူးချုပ်မျိုးမြင့် ၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ ပထမအကြိမ်ညှိနှိုင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့

* မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုးသုံးစွဲနိုင်သည်။
* သဘာဝဓာတ်ငွေ့ သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။
* ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။
* သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှုကို အထောက်အကူပြုသည်။
* အလုံအလောက် သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။

ရန်ကုန်/မန္တလေး ဈေးသဘော်ထွက်ခွာမည်

ရန်ကုန် ဇန်နဝါရီ ၁၈

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး ကုန်ပို့ဆောင်ရေးဌာနခွဲ၏ ရန်ကုန်/မန္တလေး ဈေးသဘော်ခေါက်ရေ(၂) 'မြဒီပါ'ရေယာဉ်သည် ဇန်နဝါရီ၂၉ရက်(စနေနေ့) တွင် ရန်ကုန်မြို့ ဗိုလ်တထောင် အမှတ်(၆)တံတားမှ မန္တလေးမြို့သို့ ထွက်ခွာမည်ဖြစ်သည်။

ကုန်တင်ဆောင် ရောင်းချလိုသူများသည် ကုန်ပို့ဆောင်ရေးဌာနခွဲ ဗိုလ်တထောင်ဈေးလမ်းသို့လူကိုယ်တိုင်သော်လည်းကောင်း၊ စကားပြော ကြေးနန်းအမှတ်၂၉၂၁၉၉ နှင့်၂၉၂၃၁၉တို့သို့လည်းကောင်း ဆက်သွယ် ဆောင်ရွက်နိုင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သဘာဝဓာတ်ငွေ့သုံးစနစ် ပြောင်းထားသော ယာဉ်များ

သိပ္ပံမှူးတင်

ငယ်စဉ်မှစ၍ အဘိုး၏နာရီ၊ အဖေ၏စက်ဘီး၊ အမေ၏ဓာတ်စက်များကို ဖြုတ်ဖျက်တပ်ဆင်ကြည့်ဖူးသည်။ ဝါသနာပါလာသည့်အတိုင်း ကြီးလာသောအခါ တပ်မတော် အင်ဂျင်နီယာ၌ အမှုထမ်းဖြစ်သည်။ နိုင်ငံခြားတွင် ပညာသင်ရစဉ် စက်မှုအင်ဂျင်နီယာဘာသာရပ်ကို စာတွေ့၊ လက်တွေ့ သင်ခဲ့ရသဖြင့် စက်အကြောင်း အထိုက်အလျောက် နားလည်လာရသည်။

ယခုအခါ မြန်မာနိုင်ငံ၌ CNG° သဘာဝဓာတ်ငွေ့ကို အသုံးပြု၍ ဓာတ်ဆီကား၊ ဒီဇယ်ကားများ မောင်းနှင်နေကြသည်ကို စိတ်ဝင်စားစွာ လေ့လာမိသည်။

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး၏ ရုံးခန်းတွင် ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးတို့ရှေ့၌ ဝန်ကြီးက CNG°အကြောင်း ပဏာမ ရှင်းပြပြီး ညွှန်ကြားရေးမှူးက ဒီဇယ်ကားကို CNG ကား ဖြစ်စေရန် ပြုပြင်နေသော အမှတ်(၁) မော်တော်ကား စက်ရုံသို့ ခေါ်ဆောင်ရှင်းလင်းပြသ၍ CNG° ယာဉ်အကြောင်း အထိုက်အလျောက် သိခဲ့ရသည်။

ညွှန်ကြားရေးမှူး ဦးစိုးသိန်းက စိတ်ရှည်လက်ရှည် ရှင်းပြသည်။ ဓာတ်ဆီ၊ ဒီဇယ်စက်များကို CNG° စက်ဖြစ်စေရန် ပြုလုပ်ကြသည်မှာ မြန်မာနိုင်ငံတွင်သာမဟုတ် ကမ္ဘာတစ်ဝန်းတွင် ပြုလုပ်နေကြကြောင်း သိရသည်။ ထိုနည်းပညာကို မြန်မာနိုင်ငံတွင် ၁၉၈၀ပြည့်နှစ်များက စတင်ကျင့်သုံးခဲ့ခြင်း ဖြစ်သည်။

ဤ CNG°ကားများသည် နိုင်ငံခြားမှ နှစ်စဉ်ဒေါ်လာသန်းချီ၍ ဝယ်ယူနေရသော ဒီဇယ်နှင့် ဓာတ်ဆီများကို အားကိုးမနေရဘဲ ပြည်တွင်း၌ အလျှံပယ်ထွက်ရှိ နေသည့် သဘာဝဓာတ်ငွေ့ကို အသုံးပြုပြီး စိတ်ချလက်ချ မောင်းနိုင်သည့် အားသာချက်ရှိသည်။

ကမ္ဘာ့ပူနွေးမှုအန္တရာယ်ကြီး ကျရောက်နေစဉ်တွင် မှန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လုပ်မှုကို နိုင်ငံတိုင်းတွင် လျှော့ပေါ့ထုတ်လုပ်ရန် တာဝန်ရှိလာသည်။ ဒီဇယ်၊ ဓာတ်ဆီအင်ဂျင်များမှ ထုတ်လွှတ်သော အခိုးအငွေ့များသည် မှန်လုံအိမ်ဓာတ်ငွေ့ အများအပြားဖြစ်စေတတ်သည်။ ယခု °CNG°စက်များသည် မှန်လုံအိမ်ဓာတ်ငွေ့ အနည်းငယ်မျှသာ ထုတ်လုပ်သဖြင့် ကမ္ဘာ့ပူနွေးမှုကို တားဆီးသည့် အားထုတ်မှုဟု ဆိုရမည်ဖြစ်သည်။

ကမ္ဘာ့ပူနွေးမှုအန္တရာယ်ကြီး ကျရောက်နေစဉ်တွင် မှန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လုပ်မှုကို နိုင်ငံတိုင်းတွင် လျှော့ပေါ့ထုတ်လုပ်ရန် တာဝန်ရှိလာသည်။ ဒီဇယ်၊ ဓာတ်ဆီအင်ဂျင်များမှ ထုတ်လွှတ်သော အခိုးအငွေ့များသည် မှန်လုံအိမ်ဓာတ်ငွေ့ အများအပြားဖြစ်စေတတ်သည်။ ယခု CNG စက်များသည် မှန်လုံအိမ်ဓာတ်ငွေ့ အနည်းငယ်မျှသာ ထုတ်လုပ်သဖြင့် ကမ္ဘာ့ပူနွေးမှုကို တားဆီးသည့် အားထုတ်မှုဟု ဆိုရမည် ဖြစ်သည်။

အခြားအားသာချက်တစ်ရပ်မှာ စီးပွားရေး တွက်ခြေကိုက်ခြင်းဖြစ်သည်။ ၃-၁-၂၀၀၅ရက်နေ့ထုတ် သတင်းစာများတွင် CNG°မော်တော်ကားများဖြင့် ပြေးဆွဲသဖြင့် မြန်မာပြည်အထက်ပိုင်းဒေသအချို့တွင် ကားစီးခနှုန်း ၅၀ရာနှုန်း လျှော့ချ ပြေးဆွဲကြသည်ဆိုသည်ကို ဖတ်လိုက်ရသည်။ ကားစီးခ ၅၀ရာနှုန်း လျှော့ချသကဲ့သို့ ကုန်စည်သယ်နှုန်းလည်း လျှော့ချလာနိုင်မည်ဖြစ်သည်။ CNG°ကားများ များလာပြီး CNG အရောင်းဆိုင်များလည်း တစ်ပြည်လုံးတွင် တည်ဆောက်ပြီးလျှင်မူ ၅၀ရာနှုန်းမှ ၇၀-၈၀ရာနှုန်းအထိ သယ်ယူပို့ဆောင်စရိတ်ကို လျှော့ချရနိုင်ဖွယ်ရှိသည်။

၁၉၈၀ပြည့်နှစ်များတွင် ဒီဇယ်မှ CNG ပြောင်းလဲသုံးနိုင်ရန် ပြောင်းလဲသုံးစွဲရန် စက်ကိရိယာများ ပြုလုပ်ကြရာတွင် ပထမ၌ အခက်အခဲတွေ့ခဲ့ကြသည်။ မှားပြင်စနစ်နှင့် ကြိုးစားကြသောအခါမှ ဖိအားသွင်းသဘာဝဓာတ်ငွေ့ကို ဒီဇယ်စက်အတွင်း မည်ကဲ့သို့ ဖိအားလျှော့ရမည်ဆိုသည်ကို သိလာကြ၍ ယနေ့ အခက်အခဲ မရှိတော့ကြောင်း သိရသည်။

သဘာဝဓာတ်ငွေ့(CNG)သုံး မော်တော်ကားများ စမ်းသပ်မောင်းနှင်နေသည်ကို ဤသို့တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

ဒီဇယ်စက်ဆိုသည်မှာ စက်အတွင်း လေပိုဖိကျပ် ပူလောင်လာသောအခါတွင်မှ ဒီဇယ်ဆီကို နော်ဇယ်များမှ ပက်ပေးလျှင် လောင်ကျွမ်းအား ဖြစ်ပေါ်ရသည်။ စင်စစ် ဒီဇယ်အင်ဂျင်ကို CNG°အင်ဂျင်အဖြစ် ပြောင်းလဲခြင်းမှာ ဒီဇယ်အင်ဂျင်ကို ဓာတ်ဆီအင်ဂျင်ကဲ့သို့ လောင်စာနှင့်လေသွင်း ဖိကျပ်ပြီးမှ ပလပ်မှ မီးပေးလောင်ကျွမ်းနည်းဖြင့် စွမ်းအင်ထုတ်လုပ်ရန် ပြုပြင်ပေးရခြင်း ဖြစ်သည်။

ပထမလုပ်ငန်းမှာ ဒီဇယ်အင်ဂျင်မှ ပစ်စတင်အကြီးအစား သင့်လျော်သော ပစ်စတင်အငယ် အသုံးပြုခြင်း၊ ရှိပြီး ပစ်စတင်ထိပ်တွင် အဟိုက်ပြုခြင်းဖြင့် ဖိအားလျှော့ချရသည်။ ဒီဇယ်အင်ဂျင်တွင် ကာဘရိုက်တာမပါ။ ဒစ္စထရီဗျူတာများ၊ ပလပ်များမပါချေ။ ထိုကြောင့် ကာဘရိုက်တာသို့ CNG°ပို့ပြီး အောက်စီဂျင်နှင့် လေရော၍ ဆလင်ဒါတွင် သွင်းရသည်။ ဆလင်ဒါတွင် ပလပ်များ တစ်ခုပြီးတစ်ခု မီးပွင့်ရန် ဒစ္စထရီဗျူတာအစား အီလက်ထရွန်နစ် မီးပေးစနစ် သုံးရသည်။ ဒီဇယ်တွင် အင်ဂျက်တာပါ၍ အင်ဂျက်တာအစား ပလပ်ကို အကြမ်းအားဖြင့် စလစ်ရိုက်အရစ်ဖော် တပ်ရသည်။ ထို့နောက် မီးပေးရာတွင် ဆလင်ဒါတစ်လုံးလျှင် ကွိုင်တစ်လုံး၊ သို့မဟုတ် ဆလင်ဒါ နှစ်လုံးကို ကွိုင်တစ်လုံးဖြင့် မီးပွင့်စေရသည်။

ဒီဇယ်အင်ဂျင်တွင် ဒီဇယ်ဆီပို့ပေးရသောပန့် ပါရှိသည်။ ယခုစက်တွင် ထိုစက်နေရာကို ဖိအားညှိကိရိယာ တပ်ဆင်ရသည်။ စတုရန်း တစ်လက်မလျှင် ပေါင် ၄၅၀၀ ဖိအားဖြင့် သွင်းထားသော CNG ဆလင်ဒါလေးခုမှ CNG ဓာတ်ငွေ့များကို ပြင်ပလေထုဖိအားသို့ လျှော့ချပေးပြီးမှ ကာဘရိုက်တာသို့ ပို့ရသည်။ ကာဘရိုက်တာဘားနှင့် ကာဘရိုက်တာပေါ်မှ ဓာတ်ငွေ့နှင့် လေစပ်ကိရိယာတို့ကို လည်းကောင်း၊ ဖိအားလျှော့ကိရိယာကို လည်းကောင်း အမှတ်(၁)စက်ရုံတွင် ထုတ်လုပ်နိုင်သည်ဟု သိရသည်။

ယနေ့ကာလတွင် CNG°သို့ ပြောင်းသည့် ကိရိယာအချို့ကို ပြည်တွင်း၌ လုပ်နိုင်ပြီး အခြားပစ္စည်းများကိုမူ ပြည်ပမှ သွင်းနေရသေးသည်။ ဤသို့ ပြုပြင်လိုက်သည်နှင့် ကားမှာ ဓာတ်ဆီအင်ဂျင်ကဲ့သို့ အထကောင်း၊ ရှန်းအားကောင်းသည်။ CNG ဆလင်ဒါလေးလုံးနှင့် မိုင် ၁၀၀ မောင်းနိုင်၍ စွမ်းအင်ဝန်ကြီးဌာနမှ မိုင် ၅၀ တိုင်းတွင် ဓာတ်အားအရောင်းဆိုင်များ ဖွင့်လှစ်ပေးမည်ဟု သိရသည်။

သဘာဝဓာတ်ငွေ့(CNG)သုံး မော်တော်ကားများကို တွေ့ရစဉ်။
ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

အမှတ်(၂)စက်မှုဝန်ကြီးဌာနသည် ဤသို့ °CNG ယာဉ်အဖြစ် ပြောင်းလဲမှုကို ၂၀၀၅ ခုနှစ် မတ်လမတိုင်မီ အစီး ၅၀၀၀ ပြောင်းလဲပြီးရန် အားထုတ်နေကြသည်။ ယခုအစီး ၂၀၀၀ ပြီးပြီဟု သိရသည်။ စက်မှုဇုန် ခုနစ်ခုသို့လည်း နည်းစနစ်များ သင်ကြားပေးပြီးဖြစ်၍ ထုတ်လုပ်နေကြပြီဟု သိရသည်။ စက်ရုံမှ CNG°စနစ် ပြောင်းလဲထားသော အင်ဂျင်ကို အထွေထွေမန်နေဂျာ ဦးလှိုင်သိန်းက နှိုးပြရှင်းပြ၍ တွေ့ခဲ့ မြင်ခဲ့ရသည်။ °CNG°ကား မောင်းနေသူများနှင့်လည်း အခွင့်ကြုံ၍ မေးမြန်းခဲ့ရာ ကားမှာ ဆွဲအားကောင်းပြီး စက်ကြံ့ခိုင်မှုကောင်းကြောင်း ပြောပြသည်။

CNG အင်ဂျင်အကြောင်း လေ့လာကြည့်ရာ ဓာတ်ငွေ့မှာ မီသိန်းဓာတ်ဖြစ်၍ အော့တိန်းနံပါတ် ၁၃၀ရှိကြောင်း၊ ဓာတ်ဆီမှာ အော့တိန်းနံပါတ် ၈၀ သာ ရှိကြောင်း၊ ထို့ကြောင့် လေနှင့် ဓာတ်ငွေ့ကို ကောင်းစွာရောစပ်က စက်အင်အားပိုကောင်းကြောင်း သိရသည်။ ထို့ပြင် ဓာတ်ဆီ၊ ဒီဇယ်ဆီတို့တွင် အပေါ်ဆုံး ပစ်စတင်ရင်းသို့ စက်ဆီအရောက်နည်း၍ အင်ဂျင်ကျလွယ်ကြောင်း၊ ယခု CNG° အင်ဂျင်တွင်မူ ထိုသို့စက်ဆီများ ပစ်စတင်ရင်းထဲ မရောက်စေရန် တားဆီးမှုမရှိ၍ စက်ကြာရှည်ခံမည်ဖြစ်ကြောင်း သိခဲ့ရသည်။

ယခုအခါ အမှတ်(၁)စက်ရုံမှ ကားများကို CNG°စနစ်ပြောင်းလဲနေကြရာ ကျွမ်းကျင်ဝန်ထမ်း လူလေးဦးဖြင့် နှစ်ရက်အတွင်း ကားတစ်စီးကို ပြုပြင်ပေးနိုင်သည်ဟု သိရသည်။ ကိုရီးယားသမ္မတနိုင်ငံနှင့် ဆက်သွယ်၍ ဓာတ်ငွေ့ထည့် ဆလင်ဒါများနှင့် အခြားပစ္စည်းများကို မြန်မာနိုင်ငံတွင် ထုတ်လုပ်ရန် စီစဉ်နေသည်။

ယခုတစ်ခေါက်တွင် ဒီဇယ်မှ CNGသို့ ပြောင်းလဲမှုကိုသာ လေ့လာခဲ့ရသည်။ နောင်တွင် ဓာတ်ဆီမှ CNG°ပြောင်းပုံ၊ ဒီဇယ်/ CNG နှစ်မျိုး မောင်းနိုင်သော စက်များအကြောင်း လေ့လာရဦးမည် ဖြစ်ပေသည်။ ။

အမျိုးသမီးဆရာဝန်များအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၈

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ရန်ကုန်) အမျိုးသမီးဆရာဝန်များအဖွဲ့၏ ၂၀၀၄ ခုနှစ်အတွက် နှစ်ပတ်လည် အစည်းအဝေးကို ဇန်နဝါရီ၂၃ ရက် (တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင်၌ ကျင်းပမည် ဖြစ်သည်။

ယင်းအစည်းအဝေးပွဲအပြီးတွင် ဆက်လက်၍ ကျန်းမာရေးဟောပြောပွဲကျင်းပမည်ဖြစ်ရာ နှလုံးရောဂါအထူးကုသမားတော် ပါမောက္ခ ဒေါက်တာ ချိုလေးမာက "Current Medical Management of Coronary Arterial Diseases" အကြောင်းနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခ ဒေါက်တာမြမြအုံးက **"ကလေးများတွင် ဖြစ်တတ်သော အရေးပေါ်ရောဂါများအကြောင်း"**တို့ကို ဟောပြောဆွေးနွေးကြမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသည့် ဆရာဝန်များနှင့် ဆေးကျောင်းသားကျောင်းသူများ တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆုချီးမြှင့်

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၅) အခြေခံပညာအလယ်တန်းကျောင်း၌ မိဘဆရာ ကျောင်းသားစုံညီပွဲတော် အခမ်းအနားကို ဇန်နဝါရီ၅ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ အလယ်တန်းဆင့် ဘက်စုံထူးချွန်ဆုရ ကျောင်းသူတစ်ဦးအား ကျောင်းအုပ်ဆရာကြီး ဦးမြင့်ဇော်က ဆုချီးမြှင့်စဉ်။

(မြို့နယ် ပြန်/ဆက်)

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်ထံ ဘာသာရပ်မျိုးစုံစာအုပ်များ ပေးအပ်လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၈

ဆရာကြီးဦးဖေမောင်တင်၏သမီး ဒေါ်တင်တင်မြိုင်က အင်္ဂလန်နိုင်ငံမှယူဆောင်လာသော ဘာသာရပ်မျိုးစုံ စာအုပ်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၀နာရီက ဗိုလ်တထောင်မြို့နယ် ၅၄လမ်းရှိ ရှေးဟောင်းမြန်မာစာပေရေးရာဌာန (ပေစာ၊ ပုရပိုက်၊ ကျောက်စာ)ခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင် တက်ရောက်လက်ခံသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမျိုးညွန့်နှင့် ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ အလှူရှင် ဒေါ်တင်တင်မြိုင်နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ အလှူရှင် ဒေါ်တင်တင်မြိုင်က အင်္ဂလန်နိုင်ငံမှ ယူဆောင်လာသော ဘာသာရပ်မျိုးစုံ စာအုပ်များ ပေးအပ်လှူဒါန်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်ထံ အလှူရှင် ဒေါ်တင်တင်မြိုင်က ဘာသာရပ်မျိုးစုံ စာအုပ်များ ပေးအပ်လှူဒါန်းရာ ဝန်ကြီး ဦးသန်းအောင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်က ဘာသာရပ်မျိုးစုံစာအုပ်များ ပေးအပ်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် အလှူရှင် ဒေါ်တင်တင်မြိုင် လှူဒါန်းသော စာအုပ်များကိုကြည့်ရှုကြသည်။

ဘာသာရပ်မျိုးစုံ

ဆရာကြီး ဦးဖေမောင်တင်၏သမီး ဒေါ်တင်တင်မြိုင် လှူဒါန်းသော စာအုပ်များမှာ ပညာရေး၊ ဥပဒေ၊ ရည်ညွှန်း၊ ဗဟုသုတ၊ သဘာဝသိပ္ပံ၊ စာကြည့်တိုက်ပညာ၊ နိုင်ငံရေး၊ အနုပညာ၊ ကလေးသုတ၊ အင်္ဂလိပ်စာပေနှင့် သမိုင်း စသည့် ဘာသာရပ်မျိုးစုံဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့စာရင်းကိုင်သင်တန်း ပထမပိုင်းသင်တန်းဆင်းပွဲနှင့် အာစရိယပူဇော်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၈

မြန်မာနိုင်ငံ စာရင်းကောင်စီ လက်မှတ်ရ ပြည်သူ့စာရင်းကိုင် သင်တန်း (ပထမပိုင်း) အမှတ်စဉ်(၂၆) သင်တန်းဆင်းပွဲနှင့် အာစရိယပူဇော်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ၂နာရီတွင် ရန်ကုန်မြို့ အလုံမြို့နယ်ရှိ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ စာရင်းကောင်စီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ မြန်မာနိုင်ငံ စာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ စာရင်းကိုင် အလုပ်သင်နှင့် သင်တန်းကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယစာရင်းစစ်ချုပ်ဒေါ်သင်းသင်း၊ စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ကထိကများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ စာရင်းကောင်စီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် မြန်မာနိုင်ငံ စာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ စာရင်းကိုင် အလုပ်သင်နှင့် သင်တန်းကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယ စာရင်းစစ်ချုပ် ဒေါ်သင်းသင်းတို့က အမှာစကားပြောကြားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ၁၈ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် သံဃနာယက အဖွဲ့ဥက္ကဋ္ဌ အောင်မြေဗိမာန်စာသင်တိုက် ပဓာနနာယက ဆရာတော် အမှူးပြုသော သံဃာတော် အပါး၁၀၀တို့အား သာကေတမြို့နယ် သန်လျင်တံတားစီမံကိန်းနေ ဦးကျော်စိုး၊ ဒေါ်ကြည်ဝင်းမိသားစုတို့က ဆွမ်းဆက်ကပ်ပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

ကြည့်ရှုစစ်ဆေး

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ပဲခူးတိုင်းရှိ မိုးယွန်းကြီးအင်းဘေးမဲ့တောတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သစ်တောရေးရာ)

ဖွံ့ဖြိုးရေးတက္ကသိုလ်သင်တန်းသားများ လေ့လာရေးခရီးစဉ် ကြိုဆိုနေရာချထားရေးလုပ်ငန်းအဖွဲ့ခွဲ ညှိနှိုင်းစည်းဝေး

ရန်ကုန် ဇန်နဝါရီ ၁၈

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် သင်တန်း အမှတ်စဉ်(၃၆) သင်တန်းသား၊ သင်တန်းသူများ လေ့လာရေးခရီးစဉ် ကြိုဆို နေရာချထားရေး လုပ်ငန်းအဖွဲ့ခွဲ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁၂နာရီ၄၅ မိနစ်တွင် ရန်ကုန်မြို့ လှိုင်မြို့နယ် ဘုရင့်နောင်လမ်းရှိ အမှတ်(၁) စစ်ကြောရေးနှင့်တည်းခိုရေးစခန်း ဧည့်တွေ့ခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ ကြိုဆိုနေရာချထားရေး လုပ်ငန်းအဖွဲ့ခွဲ ဥက္ကဋ္ဌ တပ်မတော် မှတ်တမ်းရုံး တပ်မှူးနှင့် အမှတ်(၂) စစ်ဒေသမှူး ဗိုလ်မှူးချုပ်မျိုးမြင့်က မိမိတို့ တာဝန်ယူထားသည့်ကဏ္ဍ အလိုက် လစ်ဟာမှုမရှိအောင် ကြိုးပမ်း ဆောင်ရွက်ရေး၊ ယခင်အကြိမ်များ ထက် ကောင်းမွန်ပြည့်စုံအောင် စီစဉ် ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

ဆောင်ရွက်ထားရှိမှု

ထို့နောက် ကြိုဆိုနေရာချထား ရေး လုပ်ငန်းအဖွဲ့ခွဲ အတွင်းရေးမှူး ဗိုလ်မှူးဝင်းမောင်က ကြိုတင် ပြင်ဆင် ထားရှိမှု အခြေအနေများ၊ လေ့လာ ရေးခရီးစဉ်အတွက် ဆောင်ရွက်ထား ရှိမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်း တင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကြိုဆိုနေရာ ချထားရေးလုပ်ငန်း အဖွဲ့ခွဲရှိ အဖွဲ့ ဝင်များမှတာဝန်ရှိသူများ၊ ဌာနဆိုင် ရာ တာဝန်ရှိသူများ၊ လေ့လာမည့်ဌာန များမှ ကိုယ်စားလှယ်များက အဖွဲ့ ဝင်နှင့် ဌာနအလိုက် ဆောင်ရွက်ထား ရှိမှု အခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

အမှာစကား

ထို့နောက် ကြိုဆိုနေရာချထား ရေး လုပ်ငန်းအဖွဲ့ခွဲဥက္ကဋ္ဌ ဗိုလ်မှူးချုပ် မျိုးမြင့်က နိဂုံးချုပ်အမှာစကား ပြော ကြားပြီး အစည်းအဝေးကို ရုပ်သိမ်း လိုက်သည်။ **(သတင်းစဉ်)**

ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံဆက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၈

မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ(စတုတ္ထ)နေ့ အစီအစဉ်ကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

ညီလာခံတွင် နံနက်ပိုင်းသဘာပတိများအဖြစ် ဆေးတက္ကသိုလ်(၁) ဆေးပညာဌာန ပါမောက္ခ/ဌာနမှူး ပါမောက္ခဒေါက်တာစောနိုင်၊ တပ်မတော် ဆေးတက္ကသိုလ် သားဖွားနှင့်မီးယပ်ပညာဌာန ပါမောက္ခ/ဌာနမှူး ဗိုလ်မှူးကြီး သိန်းမြင့်သူနှင့် ရန်ကုန် အထွေထွေရောဂါကုဆေးရုံကြီး အသည်းရောဂါဌာန ပါမောက္ခ/ဌာနမှူး ပါမောက္ခဒေါက်တာခင်မောင်ဝင်းတို့က ဆောင်ရွက်ကြသည်။

မွန်းလွဲပိုင်းတွင် သဘာပတိများအဖြစ် ကျန်းမာရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲမြင့်၊ ဆေးသုတေသနဦးစီးဌာန (မြန်မာပြည် အလယ်ပိုင်း) ညွှန်ကြားရေးမှူး ဒေါက်တာရဲလှ၊ ဆေးသုတေသနဦးစီးဌာန (မြန်မာပြည်အလယ်ပိုင်း) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းနိုင်ဦးနှင့် တပ်မတော်ဆေးတက္ကသိုလ် ဆေးပညာဌာန ပါမောက္ခ/ဌာနမှူး ဗိုလ်မှူးကြီး ရဲသွေးတို့က ဆောင်ရွက်ကြသည်။

ညီလာခံ စတုတ္ထနေ့တွင် စာတမ်းရှင်များက စာတမ်း ၁၄ စောင်ကို ဖတ်ကြားကြပြီး တက်ရောက်လာကြသူများက မေးမြန်းဆွေးနွေးကြသည်။

ယနေ့ညီလာခံတွင် နည်းပညာရက်သတ္တပတ် (TechnologyWeek) အဖြစ် Arsenic ဓာတ်ပါဝင်ပတ်သက်မှုနှင့် ပတ်ဝန်းကျင် ကျန်းမာရေး အကြောင်းကိုလည်း သုတေသီပညာရှင်များက ဟောပြောဆွေးနွေးကြသည်။ **(သတင်းစဉ်)**

မိုးယွန်းကြီးဘေးမဲ့တော အဆင့်မြင့်နားနေဆောင်များဆောက်လုပ်ထား ပြည်တွင်း ပြည်ပခရီးသည်များ အပန်းဖြေ လေ့လာကြည့်ရှုနိုင်

ရန်ကုန် ဇန်နဝါရီ ၁၈

ရွှေပြည်သာမြို့နယ် ဝါးတစ်ရာသစ်အခြေခံစက်မှုနယ်မြေ၌ မြန်မာ့သစ်လုပ်ငန်းနှင့် TPS Group တို့ ပူးပေါင်းဆောင်ရွက်သည့် အမှတ်(၄) သစ်စက်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ယင်းသစ်စက်မှုခ်ဦး၌ကျင်းပရာ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းနှင့် TPS Group မှ Mr.Nattwin တို့က ဖဲကြိုးဖြတ်၍ သစ်စက်ကို ဖွင့်လှစ်ပေးကြသည်။

သစ်စက်ဆိုင်းဘုတ်ဖွင့်

ထို့နောက် သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က စက်ခလုတ်နှိပ်၍ သစ်စက် ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားကို သစ်စက်ခန်းမ၌ကျင်းပရာ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က အမှာစကား ပြောကြားသည်။ ဆက်လက်၍ TPS Group မှ Mr. Nattwin က သစ်စက် တည်ဆောက်ခဲ့မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် သစ်စက်အတွင်းတပ်ဆင်ထားသော စက်သစ်များကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

အဆိုပါ အမှတ်(၄)သစ်စက်ကို TPS Group မှ နိုင်ငံခြားငွေ ၄ဒသမ ၃သိန်းရင်းနှီးမြှုပ်နှံခဲ့ပြီး မြန်မာ့သစ် လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင် ရွက်သည့် သစ်စက်ဖြစ်သည်။

ပြည်ပဈေးကွက်တင်ပို့မည်

အဆိုပါသစ်စက်တွင် ခေတ်မီ စက်ယန္တရားများ တပ်ဆင်ထားရှိပြီး ထွက်ရှိလာသည့် သစ်ခွဲသားများကို ပြည်ပဈေးကွက်သို့ တင်ပို့သွားမည် ဖြစ်သည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ပဲခူးမြို့နယ်ရှိ ဥဿာကျော်သစ်ခွဲစက်သို့ ရောက်ရှိပြီး စက်ရုံအတွင်းလှည့် လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ ထိုမှတစ်ဆင့် ဝန်ကြီးသည် ဘုရားကလေးကျေးရွာရှိ မြန်မာ့သစ်လုပ်ငန်း အမှတ် (၃၃) သစ်စက်သို့ ရောက်ရှိရာ သစ်စက်ဧည့်ခန်းမ၌ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းနှင့် စက်ရုံမှူးတို့က သစ်စက်၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ဝန်ကြီးသည် သစ်စက်အတွင်း သစ်ခွဲသားများ ထုတ်လုပ်မှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ပျဉ်ပုံကြီးကျေးရွာအနီး မိုးယွန်းကြီးအင်း ဘေးမဲ့တောရှိ ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ညွှန်ကြားရေးမှူး ဦးခင်မောင်ဇော်နှင့်တာဝန်ခံများကဘေးမဲ့ တောအတွင်း အဆင့်မြင့်ညအိပ်ဆောင်များ၊ နားနေစခန်းများ ဆောက်လုပ်ပြီးစီးမှုနှင့်ရေပျော်ငှက်များ ကြည့်ရှု လေ့လာနိုင်ရေး ဆောင်ရွက်ထားရှိသည့် အခြေအနေများကို ရှင်းလင်း တင်ပြကြပြီး ဝန်ကြီးသည် ညအိပ်ဆောင်များပြုပြင်ထားရှိမှု အခြေအနေများ၊ နားနေစခန်းများ ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ မိုးယွန်းကြီးအင်း ဘေးမဲ့တောသည် ရန်ကုန်မြို့မှ ၇၁ မိုင် အကွာ ပျဉ်ပုံကြီးကျေးရွာ၌ တည်ရှိပြီး ရာသီအလိုက် ပြောင်းရွှေ့ကျက်စားသော ဆောင်းခိုငှက်များ၊ ပြည်တွင်း ရေပျော်ငှက်များအား ကြည့်ရှုလေ့လာနိုင်ရန် အဆင့်မြင့်ညအိပ်ဆောင်များ၊ နားနေစခန်းများ၊ ရှုရပ်မျှော်စင်များ ဆောက်လုပ်ထားရှိသည့်အတွက် ပြည်တွင်းပြည်ပမှ ခရီးသွားများ လာရောက်အပန်းဖြေလျက်ရှိသည်။ မိုးယွန်းကြီးအင်း ဘေးမဲ့တောရှိ နားနေဆောင်များ၌ တစ်ကြိမ်လျှင် ဧည့်သည် ၅၀ ခန့် ညအိပ်တည်းခို ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာပေးမြေစိုက်ဆိုင်းဘုတ်နှင့် ပိုစတာဖွင့်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၈

မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း (ဗဟို)၏ ကြီးကြပ်မှုဖြင့် လှိုင်သာယာမြို့နယ် မြို့နယ်မူးယစ်ဆေးဝါး ဆန့်ကျင်ရေး အသင်းက ကြီးမှူး၍ မြို့နယ်အဆင့် HIV/AIDS ရောဂါ အန္တရာယ် ပညာပေး မြေစိုက်ဆိုင်းဘုတ်နှင့် ပိုစတာဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် လှိုင်သာယာမြို့ ရန်ကုန်–ပုသိမ်လမ်းမ ပဒေသာပင် မြို့တော်အရှေ့၌ ကျင်းပရာ HIV/AIDS ရောဂါပညာပေးဆိုင်းဘုတ်ကို မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း (ဗဟို) ဥက္ကဋ္ဌ ဦးစံသိန်း၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်သိန်းမောင်နှင့် မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးမောင်မောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စဉ့်ကူးမြို့နယ် ပညာပျိုးခင်းစာကြည့်တိုက်ဖွင့် ရေရှည်တည်တံ့ရေးရှင်းလင်း၊ စာအုပ်မျိုးစုံလှူဒါန်း

စဉ့်ကူး ဒီဇင်ဘာ ၂၅

စဉ့်ကူးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ အလှူရှင်မန္တလေးမြောက်ပြင် မတ္တရာခွဲတိုက် ဆရာတော်ဘဒ္ဒန္တပညာဓိကမှ မတည်လှူဒါန်းဖွင့်လှစ်သည့် စဉ့်ကူးမြို့နယ် ခတက်ချဉ်ကျေးရွာအုပ်စု တရော်ပင်ကျေးရွာ ပညာပျိုးခင်းစာကြည့်တိုက်ဖွင့်ပွဲကို ဒီဇင်ဘာ ၆ရက် မွန်းတည့်၁၂နာရီက အဆိုပါကျေးရွာစာကြည့်တိုက် အဆောက် အအုံသစ်တွင် ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ အလှူရှင်ဆရာတော် ဘဒ္ဒန္တပညာဓိက၊ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်စွာနှင့် မြို့နယ်ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးစောထွင့်နောင်တို့က စာကြည့် တိုက်အဆောက်အအုံသစ်နှင့် ပညာ ပျိုးခင်းဆိုင်းဘုတ်ကို ဖဲကြိုးဖြတ် ဖွင့် လှစ်ပေးကြသည်။**(ဝဲပုံ)**

ဆက်လက်၍မြို့နယ်ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစောထွင့်နောင်က ပြန်ကြား ရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့်စာကြည့် တိုက် ရေရှည်တည်တံ့ရေးတို့ကို ရှင်းလင်း ပြောကြားသည်။

ထို့နောက်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးဝင်း မောင်က သုတ၊ ရသ စာအုပ်မျိုးစုံ ပေးအပ် လှူဒါန်းရာ ကျေးရွာစာကြည့် တိုက်မှူး ဦးကြည်ဝင်းက လက်ခံရယူ သည်။ **(မြို့နယ် ပြန်/ဆက်)**

မင်းလှမြို့နယ်ရှေ့သို့ ကျေးရွာစာကြည့်တိုက်ဖွင့်ပွဲကျင်းပ

မင်းလှ ဇန်နဝါရီ ၃

သာယာဝတီခရိုင် မင်းလှမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်း၍ ဒီဇင်ဘာ ၂၂ရက်က သင်တောကျေးရွာအုပ်စု လေ့လော့်ကွင်းကျေးရွာတွင် ရှေ့သို့ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဦးစီးမှူးဦးရဲဆွေ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးဝင်းတင်နှင့် ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌဦးဝင်းမြင့်တို့က စာကြည့် တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)** **(မြို့နယ် ပြန်/ဆက်)**

သိန်းနီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော တပင်ရွှေထီးလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၁၂ ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်ဝင်းနှင့် အငယ်တန်းအင်ဂျင်နီယာ ဦးသန့်ဇင်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

ဖွံ့ဖြိုး စည်ပင် ကျေးလက် တစ်ခွင်

မူလတန်းလွန်ကျောင်းဆောင်သစ်နှင့် ဉာဏရောင်ခြည်စာကြည့်တိုက်ဖွင့်

မြိုင် ဇန်နဝါရီ ၅

မကွေးတိုင်း ပခုက္ကူခရိုင် မြိုင်မြို့နယ် ညောင်ကွင်းကျေးရွာ မူလတန်းလွန်ကျောင်းဆောင်သစ် ပေးအပ်လှူဒါန်း ခြင်းနှင့် ဉာဏရောင်ခြည်စာကြည့်တိုက်ဖွင့်ပွဲကို ဒီဇင်ဘာ၂၆ရက် နံနက်၁၀နာရီက အဆိုပါကျောင်းဆောင်ရှေ့တွင် ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးမြင့်မောင်၊ မြို့နယ် လက်ထောက်ပညာရေးမှူး ဦးရဲမြင့် အောင်နှင့် ကျောင်းဆောင်သစ်အလှူရှင် များကိုယ်စား ဦးကျင်စိုးတို့က ဖဲကြိုး ဖြတ် ဖွင့်လှစ်ပေးကြသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် ကျောင်းဆောင်သစ် လှူဒါန်းပွဲအခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူးက အမှာစကား ပြောကြားပြီး ကျောင်းဆောင်သစ် အလှူရှင်များကိုယ်စား ဦးကျင်စိုးက မြို့နယ် လက်ထောက်ပညာရေးမှူး ဦးရဲမြင့်အောင်အား ကျောင်းဆောင် သစ်နှင့်ပတ်သက်သော စာရွက်စာတမ်း များကို လွှဲပြောင်းပေးအပ်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ဆက်လက်၍ ကျေးရွာကိုယ့်အား ကိုယ်ကိုး ဉာဏရောင်ခြည်စာကြည့် တိုက်ဖွင့်ပွဲကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးစောမြင့်ခိုင်နှင့် ကျေးရွာဥက္ကဋ္ဌဦးသန်း ထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေး ကြသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ကြည့်ရှု

လားရှိုးမြို့နေ ပြည်သူများ သောက်သုံးရေ ဖူလုံစွာ ရရှိစေရေး အတွက် မြို့နယ်စည်ပင်သာယာ ရေးအဖွဲ့က ရေအရင်းအမြစ်များ ရှာဖွေဖော်ထုတ်လျက်ရှိရာ ဇန်နဝါရီ ၂ရက်က နမ့်ခိုက်ကျေးရွာ ရေထွက်မှ တိုးချဲ့ရေပေးဝေနိုင်ရေးအတွက် အမှုဆောင်အရာရှိ ဦးမျိုးနိုင်အောင်နှင့် လက်ထောက် အင်ဂျင်နီယာ ဦးသိန်းတန်တို့ ကွင်းဆင်းကြည့်ရှု တိုင်းတာကြစဉ်။

(မြို့နယ်စည်ပင်)

လမိုင်းမြို့ စည်ပင်သာယာရေးအဖွဲ့ပိုင် မော်ကနင်ဈေးလုံခြုံရေးအတွက် စည်ပင်သာယာရေးအဖွဲ့နှင့် ဈေးသူဈေးသားများ စုပေါင်း၍ ဈေးခြံစည်းရိုးကာရံထားရှိမှုကို ဒီဇင်ဘာ ၉ရက်က ရေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းထွန်း ကွင်းဆင်းစစ်ဆေးရာ လမိုင်းမြို့ စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံဦးခင်မောင်လွင်က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ ရှင်းလင်းပြသစဉ်။

(မြို့နယ်စည်ပင်)

ရွှေရင်အေးမိုးစပါးစံကွက်ရိတ်သိမ်း တစ်ဧကတင်း ၁၅၀ ဒသမ ၆၇ တင်းထွက်ရှိ

ကွန်ဟိန်း ဇန်နဝါရီ ၄

ကွန်ဟိန်းမြို့နယ် မြို့မကျေးရွာ အုပ်စု ဝမ်ပန်ကျေးရွာ တောင်သူလယ် သမား ဦးစိုင်းကောယ၏ ကွင်းအမှတ် (၁၄)၊ ဦးပိုင်အမှတ်(၄၁)ရှိ ရွှေရင် အေးမိုးစပါး တစ်ဧက စံကွက်ကို စုပေါင်းရိတ်သိမ်း အထွက်နှုန်းရယူပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၃ ရက် နံနက် ၇ နာရီက ကျင်းပရာ နယ်မြေခံ တပ်မှ ဗိုလ်မှူးကြီးဟန်မြင့်၊ မြို့နယ် ဥက္ကဋ္ဌဦးသန်းအောင်၊ မြန်မာ့စိုက်ပျိုး ရေးလုပ်ငန်းမန်နေဂျာ ဦးစောအယ်ဒီ နှင့် ဝန်ထမ်းများ၊ မြို့နယ်မြေစာရင်း ဦးစီးဌာနဦးစီးမှူး ဦးမြင့်ဦးနှင့် ဝန်ထမ်း များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာတောင်သူ လယ်သမားများ တက်ရောက်လေ့လာ ကြသည်။

ထို့နောက် ယှဉ်ပြိုင်စံကွက်ရိတ် သိမ်းရေးအဖွဲ့များက အထွက်နှုန်းရယူ ကြရာ သန့်စင်ပြီး စပါးတစ်ဧကလျှင် ၁၅၀ ဒသမ ၆၇ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

အဆိုပါ ယှဉ်ပြိုင်စံကွက်ရိတ် သိမ်းအပြီးတွင် ဝမ်ပန်ကျေးရွာမှ လယ် သမားများအား မြို့နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးစောအယ်ဒီက တစ်ဧက စပါးအထွက်နှုန်းတိုးရေး နည်းပညာ များကို ရှင်းလင်းဟောပြောပြီး ဒေသခံ တောင်သူလယ်သမားများ၏ မေးမြန်း ချက်များကို ပြန်လည် ဆွေးနွေး ဖြေကြားကြသည်။

(မြို့နယ် ပြန်/ဆက်)

■ *ကျောဖုံးမှ*

ထိုမှတစ်ဆင့်ဝန်ကြီးသည် မကွေးတိုင်း အောင်လံမြို့နယ်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃)က တည်ဆောက်လျက်ရှိသော ပဒဲရေလှောင်တမံသို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ တည်ဆောက်ရေး(၃) ညွှန်ကြားရေးမှူး ဦးထွန်းအောင်လွင်က ရေလှောင်တမံ စီမံကိန်းတွင်ပါရှိသည့် ပင်မတမံ၊ရေထုတ်ပြွန်၊ ရေပိုလွှဲတည်ဆောက်ပြီးစီးမှု၊ ရေသောက်စနစ်၊ ရေသွယ်မြောင်းများ ဆက်လက် တူးဖော်မည့်လုပ်ငန်းနှင့် မကွေးအရှေ့ခြမ်းရှိ ဆည်အစုအဖွဲ့တွင်ပါရှိသော ရေလှောင်တမံ၁၁ခု၏ တည်ဆောက်ပြီးစီးမှုနှင့် ရေသောက်ဧကများကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက လုပ်ငန်းများသေသပ်ခိုင်ခံ့စွာဖြင့် အမြန်ပြီးစီးအောင် ဆောင်ရွက်ရေး မှာကြားသည်။

ထို့နောက်ဝန်ကြီးဗိုလ်ချုပ်ဌေးဦးသည် ပင်မတမံနှင့် ရေထုတ်ပြွန်၊ ရေထိန်းမျှော်စင်၊ ပင်မတမံအတွင်းပိုင်းကျောက်စီအချောကိုင်လုပ်ငန်း၊ ပင်မတမံ အပြင်ပိုင်း အချောကိုင်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရေပိုလွှဲတည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

မကြာမီဖွင့်မည်

ပဒဲရေလှောင်တမံမှ သီးနှံစိုက်ဧက ၆၄၀၀ သို့ ဆည်ရေပေးနိုင်မည်ဖြစ်ပြီး မကြာမီ ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်းသိရှိရသည်။

ယင်းနောက် ဝန်ကြီးသည် ဘွက်ကြီးရေလှောင်တမံသို့ ရောက်ရှိပြီး ရေဝင်မှုအခြေအနေ၊ ရေထုတ်ပြွန်နှင့် ဆည်ရေပေးဝေမှု၊ တူးမြောင်းများ ထိန်းသိမ်းစောင့်ရှောက်မှု၊ နွေစပါး စိုက်ပျိုးဖြစ်ထွန်းမှု တို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်ဝန်ကြီးသည် မကွေးတိုင်း စိုက်ပျိုးရေးညှိနှိုင်းမှု ကော်မတီဝင်များအား တွေ့ဆုံပြီး ရေသောက်ဧရိယာ၌ ဆည်ရေလေလွင့်မှုမရှိအောင် အသုံးချရေးနှင့် ရေလှောင်တမံကြောင့် မိုးတစ်သီး သာမက နွေသီးနှံ သီးထပ်စိုက်ပျိုးနိုင်မှု၊ တောင်သူတစ်ဦးချင်းဝင်ငွေတိုးလာမှုတို့ကို ဆွေးနွေးမှာကြားသည်။

စိုက်ပျိုး

ဘွက်ကြီး ရေလှောင်တမံဆည်ရေဖြင့် ယခုအခါ နွေစပါး ဧက ၁၀၀၀၊ နွေနှမ်း ဧက ၁၀၀၀ စိုက်ပျိုးလျက်ရှိကြောင်းသိရှိရသည်။

(သတင်းစဉ်)

စဉ့်ကူမြို့ စိန္တာမုနိစေတီတော်ကြီးအရံစေတီတော်များ ဗုဒ္ဓပူဇနီယဆီမီး၉၉၀၀အဖွဲ့ကထီးတော်သစ်တင်လှူ

ရန်ကုန် ဇန်နဝါရီ ၁၈

ညောင်ဦးမြို့နယ် စဉ့်ကူမြို့ မြို့ကုန်းရပ်ကွက်ရှိ စိန္တာမုနိစေတီတော်ကြီး အရံစေတီတော်များ၊ မုခ်ထောက် လှေကားနှင့် မဟာရံတံတိုင်း ရွှေထီးတော်များကို ဗုဒ္ဓပူဇနီယ ဆီမီး ၉၉၀၀အဖွဲ့ အင်းစိန်က ကြီးမှူး၍ ရွှေထီးတော်သစ်တင် မင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက်က အဆိုပါ ဘုရားကြီးရင်ပြင်တော်၌ ကျင်းပရာ ဆိပ်ဖြူမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ပစ္ဆိမာရာမတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တကုမာရ၊ ချောက်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မဟာလယ်တီကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဝိဒ၊ မန္တလေးတိုင်း သံဃာ့ဝန်ဆောင် စဉ့်ကူငါးဆူတိုက်ကျောင်း ပဓာနနာယက (သာသနာ့ဇေ မမ္မာစရိယ ဝိနယပါဠိပါရဂူ) ဘဒ္ဒန္တမဏ္ဍလ၊ မဟာဝိသုဒ္ဓါရုံတိုက်သစ် ပဓာနနာယက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဥတ္တမ (စဉ့်ကူဆရာတော်)နှင့် ပင့်သံဃာတော်များ၊ မကွေးတိုင်းရဲတပ်ဖွဲ့ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး၏ဇနီးဒေါ်တင်ရီ၊ဘုရားကြီးရွှေဆေးသက်န်းအလှူရှင် ဒေါ်အမာဆွေ(အင်းစိန်)၊ သံပန်းတံခါး အလှူရှင် ဦးအောင်ဝင်း မိသားစု၊ ဗုဒ္ဓပူဇနီယ ဆီမီး ၉၉၀၀ အဖွဲ့နာယက ဦးစိုးဝင်း (စဉ့်ကူစိုးဝင်း)၊ ဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ-တောင်တွင်းကြီး)နှင့် အမှုဆောင်များ၊ ဘုရားဖူးများ၊ ဂေါပက အဖွဲ့ဥက္ကဋ္ဌ ဦးလှမော်နှင့် အဖွဲ့ဝင်များ၊ ဒေသခံများ၊ ရန်ကုန်မြို့မှ ဘုရားဖူးများစည်ကားစွာ တက်ရောက်ကြည်ညိုပူဇော်ကြသည်။

ပူဇော်

ရှေးဦးစွာ မင်္ဂလာအချိန်တွင် ပင့်သံဃာတော်များက ဗုဒ္ဓါဘိသေကအနေကဇာတင်ပြီး နိုင်ငံခြားသတင်းထောက် ဦးအောင်ရွှေဦး-ဒေါ်နီနီ မိသားစုကလှူဒါန်းသည့် မဟာဗောဓိညောင်ပင်နှင့် အင်ကြင်းပင်တို့ကို ဆရာတော်ကြီးများနှင့် အလှူရှင်များက စိုက်ပျိုးကြပြီး အလှူရှင်များ၊ ဒွေ့ပရိသတ်များက တင်လှူပူဇော်မည့် အရံစေတီတော်များ၊ မုခ်ထောက်လှေကားနှင့် မဟာရံတံတိုင်း ထီးတော်များကို စိန္တာမုနိစေတီကြီး စေတီတော်အား သုံးကြိမ်လက်ယာရစ် လှည့်လည်ပူဇော်ကြကာ**(အပေါ်ပုံ)** ထီးတော်အဆင့်ဆင့်ကို တင်လှူပူဇော်ကြပြီး ဒေသခံများက ရိုးရာလှေပြိုင်ပွဲများကျင်းပကာ စေတီတော်ကြီးအား ပူဇော်သည်။

ကပ်လှူ

ညပိုင်းတွင် စေတီတော်ကြီးအား ဗုဒ္ဓပူဇနီယ ဆီမီး ၉၉၀၀ အဖွဲ့က ဆီမီး၊ နံ့သာ ၉၉၀၀ စီ ကပ်လှူပူဇော်ပွဲကျင်းပရာ ဘုရားဖူးများနှင့် စည်ကားစွာကျင်းပကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘဏ္ဍာ/ အခွန် ပထမအကြိမ်ဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲဖွင့်

ရန်ကုန် ဇန်နဝါရီ ၁၈

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပထမအကြိမ်ဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့် ဇနီး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အောက်ရှိဦးစီးဌာန၊ လုပ်ငန်းဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် ၎င်းတို့၏ဇနီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ အသင်းအုပ်ချုပ်သူများ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဘော်လီဘောဆပ်ကော်မတီ ဥက္ကဋ္ဌ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးဆန်းထွန်းက မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်သို့ အလှူငွေကျပ် ငါးသောင်းကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် အတွင်းရေးမှူးက လက်ခံသည်။

ထို့နောက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပထမအကြိမ်ဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲကို ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများက ကြည့်ရှုအားပေးကြသည်။

ယင်းပြိုင်ပွဲကို ဇန်နဝါရီ ၂၁ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ကြီးမှူးဖွင့်လှစ်သော အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု သင်တန်းအစီအစဉ်(၁) အပတ်စဉ်(၄)ကို ယနေ့နံနက်၉နာရီတွင် ရန်ကုန်မြို့ ဗိုလ်ဆွန်ပက်လမ်းရှိ UMFCCI Training Centre ၌ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အကြံပေးပုဂ္ဂိုလ် ဦးခင်မောင်ရီက အမှာစကားပြောကြားပြီး ပညာရေးဆိုင်ရာလုပ်ငန်းကော်မတီ ဥက္ကဋ္ဌဦးစိန်ဝင်းလှိုင်က ဖွင့်လှစ်ပို့ချမည့် သင်တန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ **(သတင်းစဉ်)**

အင်းစိန်မြို့နယ် ကမ်းနားအလယ်ရပ်ကွက် ထနီးလမ်း မိသားစုကိုယ်စား ဦးကြူစိန်၊ ဦးစိုးတို့က အင်းစိန်မြို့ စိန်ရတနာနာရေးကူညီမှုအသင်းသို့ အလှူငွေကျပ် တစ်သိန်းတစ်သောင်းငါးထောင်ကျော် လှူဒါန်းရာ အသင်း ဥက္ကဋ္ဌ ဦးမြသင်းနှင့်အဖွဲ့က လက်ခံယူစဉ်။ (က-ပ)

ပြည်နယ်နှင့်တိုင်းပြည်ထောင်စုဒိုင်း အလွတ်တန်းဘောလုံးပြိုင်ပွဲဆက်

ရန်ကုန် ဇန်နဝါရီ ၁၈

၂၀၀၅ခုနှစ် အကြိမ်(၅၀)မြောက် ပြည်နယ်နှင့်တိုင်းပြည်ထောင်စုဒိုင်း အလွတ်တန်းဘောလုံးပြိုင်ပွဲကို ယနေ့ ညနေပိုင်းတွင် သတ်မှတ်ထားသည့်ဇုန်များ၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၏ မန္တလေးဇုန်၌ကျင်းပသော ပြိုင်ပွဲတွင်မန္တလေးတိုင်းနှင့်တနင်္သာရီတိုင်းတို့ယှဉ်ပြိုင်ကစားကြရာ မန္တလေးတိုင်းက ရှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ယင်းပြိုင်ပွဲတွင် ပွဲစဉ်အလိုက်အကောင်းဆုံးဘောလုံးသမားဆုကို မန္တလေးတိုင်းမှ လင်းလင်းနိုင်ဦးက ရရှိသွားသည်။

ပဲခူးဇုန်၌ကျင်းပသောပြိုင်ပွဲတွင် ပဲခူးတိုင်းနှင့်ဧရာဝတီတိုင်းတို့ယှဉ်ပြိုင်ကစားကြရာ ပဲခူးတိုင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ယင်းပြိုင်ပွဲတွင် ပွဲစဉ်အလိုက်အကောင်းဆုံးဘောလုံးသမားဆုကို ပဲခူးတိုင်းမှ ပြည့်ဖြိုးဦးက ရရှိသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာတစ်လွှား အားကစား

ဂျူဗင်းတပ်စ်အဝေးကွင်း၌သရေပွဲနှင့်ကြုံ အေစီမီလန်ကအိမ်ကွင်း၌နိုင်ပွဲရ

ရောမ ဇန်နဝါရီ ၁၈

အီတလီစီးရီးအေဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၉)လက်ကျန်ပွဲများကို ဇန်နဝါရီ ၁၆ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ အသင်းကြီးများဖြစ်သော ဂျူဗင်းတပ်စ်နှင့် ရိုးမားတို့သရေပွဲဖြစ်ပြီး အေစီမီလန်က အူဒီးနီးစ်ကို သုံးဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိကာ လာဇီယိုက ပါလာမိုကို သုံးဂိုး-တစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့သည်။

အေစီမီလန်နှင့် အူဒီးနီးစ်

အေစီမီလန်ကွင်း ဆမ်ဆီရို၌ ကစားရသော်လည်း ဧည့်သည်အူဒီးနီးစ်မှ ဒိုင်နာတာလီက ပွဲချိန်ကိုးမိနစ်တွင် အဖွင့်ဂိုးစတင်သွင်းခဲ့ပြီးမှသာ ချေပဂိုးနှင့် အနိုင်ဂိုးများကို အေစီမီလန်တို့ သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ အေစီမီလန်အတွက် ပွဲချိန်၃၂မိနစ်တွင် ရှက်ဖ်ချင်ကိုကချေပဂိုးသွင်းပေးပြီး ပွဲချိန် ၅၃မိနစ်တွင် အူဒီးနီးစ်မှ ဂျန်ကူလော့ဗ်စကီးက ခေါင်းတိုက်ဖျက်ထုတ်ရာမှ ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိသဖြင့် ဒုတိယဂိုးရရှိခဲ့ကာ ပွဲချိန်မိနစ်၉၀တွင် ကာကာက တစ်ဂိုးသွင်းယူပေးခဲ့သဖြင့် အေစီမီလန်တို့ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ အေစီမီလန်တို့ ယခုပွဲအနိုင်ရရှိခဲ့သဖြင့် တန်းစီဇယားထိပ်တွင်ရှိသော ဂျူဗင်းတပ်စ်နှင့် နှစ်မှတ်သာကွာတော့သည့်အနေအထားသို့ ရောက်ရှိနေပြီဖြစ်သည်။

ကယ်ဂလီရာရီနှင့်ဂျူဗင်းတပ်စ်

တန်းစီဇယားထိပ်ဆုံးမှ ပြေးနေသော ဂျူဗင်းတပ်စ်တို့ အဝေးကွင်း၌ တတိယမြောက်သရေပွဲနှင့်ကြုံတွေ့ခဲ့ရပြန်သည်။ ဂျူဗင်းတပ်စ်က ရှေ့တန်းတွင် ဒေးဗစ်ထရေဇီးဂေး၊ အီဘရာဟင်မိုဗစ်နှင့် ဇမ်ဘရော့တာတို့အပြင် နက်ဗက်၊ အီမာဆင်တို့ကိုပါ လူစုံထုတ်ကစားခဲ့သော်လည်း ပွဲချိန် ၅၄မိနစ်ရောက်မှသာ အီမာဆင်က အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သည်။ ကယ်ဂလီရာရီ၏ချေပဂိုးကို ပွဲချိန် ၈၉မိနစ်တွင် ဇိုလာကသွင်းယူခဲ့သဖြင့် သရေပွဲဖြစ်ခဲ့ရခြင်းဖြစ်သည်။

အခြားပွဲရလဒ်များ

လာဇီယို	**၁-၃**	**ပါလာမို**
အတ္တလန္တာ ၁-၁	**ဆီနာ**	
လီဗော်နို	**၃-၁**	**မက်ဆီနာ**
ပါးမား	**၂-၁**	**လက်ချီ**
ဆမ်ဒိုးရီးယား	**၀-၀**	**ဘိုလော့နာ**
ချီယေးဗို	**၂-၂**	**ရိုးမား**

(အင်တာနက်)

စီးရီးအေဘောလုံးပြိုင်ပွဲအဖြစ် အေစီမီလန်နှင့် အူဒီးနီးစ်တို့ယှဉ်ပြိုင်ကစားရာ အေစီမီလန်မှ ရှက်ဖ်ချင်ကို(ယာ) ထိုးဖောက်ကစားစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ရိုမာရီယို ဘောလုံးပြန်ကစားမည်

ရီယိုဒီဂျနေးရိုး ဇန်နဝါရီ ၁၈

ကမ္ဘာ့ဖလားပြိုင်ပွဲဝင် ဘရာဇီးအသင်း တိုက်စစ်မှူးဟောင်းတစ်ဦးဖြစ်သူ ရိုမာရီယိုသည် ပြီးခဲ့သည့်တနင်္လာနေ့မှစတင်ကာ ဗက်စကိုဒဂါးမား အသင်း၌ လေ့ကျင့်ခန်းဆင်းနေပြီဖြစ်ကြောင်း၊ ယင်းကဲ့သို့ ဘောလုံးပြန်လည်ကစားခြင်းမှာ သူ၏အသက်မွေးဝမ်းကျောင်းမှုကို ဘောလုံးလောကတွင် ဆက်လက်ပြုလုပ်သွားမည်ကို ပြသခြင်းဖြစ်ကြောင်းသိရသည်။

ရိုမာရီယိုသည် ယခုအခါအသက် (၃၉)နှစ်အရွယ်ရှိပြီဖြစ်ကာ ဗက်စကိုဒဂါးမားအသင်းတွင်ကစားရန် အပြီးသတ် စာချုပ်ချုပ်ဆိုတော့မည်ဖြစ်သည်။ ရိုမာရီယိုသည် ကြံ့ခိုင်မှုရှိနေဆဲဖြစ်ကြောင်း၊ ပုံမှန်လေ့ကျင့်ခန်းများပြန်လုပ်နေပြီဖြစ်ကြောင်း၊ သူ၏အနေအထားမှာကောင်းမွန်ဆဲရှိကြောင်း ဗက်စကိုဒဂါးမားအသင်းနည်းပြ ဂျိုးလ်ဆန်ကာနာက ပြောဆိုသည်။

အမ်အင်အေ၊ ရိုက်တာ။

ပလုတ်တုတ်ကလေးဂျာနယ် (၁၀)နှစ်ပြည့်အထူးထုတ်ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၈

၂၀၀၅ခုနှစ် ဖေဖော်ဝါရီလထုတ် ပလုတ်တုတ် ကလေးဂျာနယ်(၁၀)နှစ်ပြည့်အမှတ်တရ အထူးထုတ်အဖြစ် တူဒေးစာအုပ်တိုက်က ထုတ်ဝေဖြန့်ချိလိုက်သည်။

(၁၀)နှစ်ပြည့် အထူးထုတ်တွင် စာမျက်နှာ၁၂၀အထိတိုးမြှင့်ထားပြီး စာအုပ်တစ်အုပ်လုံးကို ရောင်စုံဖြင့် တင်ဆက်ထားသည်။ ကာတွန်းဆရာများ ဖြစ်သည့် မြေဇာ၊ ရွှေမင်းသား၊ သစ်ထွဏ်း၊ ကိုခိန်၊ စမ်းချောင်းကိုကိုအောင်၊ တင်အောင်နီ၊ အောင်အောင်၊ မောင်ဝဏ္ဏ၊ နိုင်လင်း၊ သံချောင်း၊ အော်ပီကျယ်၊ မောင်မောင်လေး၊ အောင်ဇေယျနှင့် မောင်မောင်တို့ ပါဝင်ရေးဆွဲထားကြသည်။

လစဉ်ပါဝင်နေကျကဏ္ဍများအပြင် အထူးကဏ္ဍသစ်များလည်းပါဝင်ပြီး ကလေးငယ်များနှစ်သက်စေမည့် ရုပ်ပုံခြောက်ပုံပါ စတစ်ကာလက်ဆောင် တစ်မျက်နှာကိုလည်း ထည့်သွင်းပေးထားကြောင်းနှင့် အမြို့မြို့ဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(က–ပ)**

ဝိပဿနာတရား ဟောကြားမည်

ရန်ကုန် ဇန်နဝါရီ ၁၈

ကမ္ဘာ့ဗုဒ္ဓသာသနာပြု မဟာသဒ္ဓမ္မဇောတိကဓဇ ဝိပဿနာတရားပြဆရာကြီး ဦးဂိုအင်ကာသည် ဇန်နဝါရီ ၁၉ရက်(ဗုဒ္ဓဟူးနေ့)ညနေ၄နာရီခွဲတွင် ကမာရွတ်မြို့နယ် တက္ကသိုလ်များဓမ္မာရုံ၌ ဝိပဿနာတရားများ ဟောကြားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**





မွေးနေ့မင်္ဂလာဆုမွန်လွှာ

ချစ်သားလေး မောင်မင်းသန့်အေးကျော် (ညီညီ)၏ ၁၉–၁–၂၀၀၅ရက်တွင်ရောက်ရှိတဲ့ (၄)နှစ်ပြည့် မွေးနေ့မင်္ဂလာမှ နောင်နှစ်ပေါင်းများစွာတိုင် အသက်ရာကျော်ရှည်၍ ပျော်ရွှင်ချမ်းမြေ့စွာနဲ့ ပညာတတ် သားကောင်းတစ်ယောက်ဖြစ်ပါစေလို့ ဆုတောင်းလျက်။

ချစ်ဘိုးဘိုး – ဦးမင်းအေးချမ်း (Chief Engineer)
– ချစ်ဖေဖေနှင့်ချစ်မေမေ၊
ချစ်ကိုကို – မင်းရဲထက်ကျော်။

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ဗားကရာကွန်ဒို၊ အခန်း ၆၀၅နေ ဒေါက်တာအုန်းကျော်–(ဒေါ်ခင်မမ)တို့၏သားကြီး
ဒေါက်တာစိုးစံ M.B,B.S (Ygn) နှင့်
ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ အောင်ဇေယျအိမ်ရာ၊ တိုက်၉၊ အခန်း၂၀၂နေ
ဦးစန်းလွင်–ဒေါ်နီ(ခ)ဒေါ်သန်းသန်းမြင့်(ဒေါ်နီအထည်ဆိုင်)တို့၏သမီးငယ်
မစိုးပပမြိုင် 2nd Year (Chemistry)

တို့၏ ၁၅–၁–၂၀၀၅ရက် Summit Parkview Hotel တွင်ကျင်းပသည့် မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ပါမောက္ခဒေါက်တာတင်အောင်နှင့်ဇနီး ဒေါ်ညိုညို၊ မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော ပါမောက္ခချုပ် ဒေါက်တာစိုးဝင်းနှင့် ဇနီး ပါမောက္ခဒေါ်မေစောလွင်၊ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားတွင် မင်္ဂလာပန်းကြဲပေးသည့် မစုလှိုင်ဝေ၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးသည့် မငြိမ်းငြိမ်းထွန်း၊ မင်္ဂလာလက်ထပ် လက်စွပ်ကိုင်ဆောင်ပေးသည့် မသင်းသင်းမြတ်၊ သတို့သားအရန် မောင်စွမ်းနိုင်၊ သတို့သမီးအရန် မဇင်မာလွင်၊ မိတ်ကပ်၊ဆံပင်စိုးစိုးနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံနှင့် လက်ထပ်ပန်းအလှဆင်ပေးသည့် နွယ်ဝတီ ကိုမြင့်ဝေ(ဗိုလ်ချုပ်ဈေး)၊ ဓာတ်ပုံ မှတ်သုန်ခင်ဇော်၊ ဗီဒီယို AV Media မှ ကိုမိုးကောင်းနှင့်အဖွဲ့၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသည့် တေးသံရှင် ဟေမာနေဝင်း၊ မေတ္တာဖြင့် ကူညီပေးသည့် မန်နေဂျာဦးသန့်ဇော်၊ တေးဂီတ အင်ပါယာအဖွဲ့၊ ၃၁–၁၂–၂၀၀၄ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲ၌လက်မှတ်ထိုးပေးသည့် ရန်ကုန်တိုင်းတရားသူကြီး ဒေါ်ခင်သူဇာ၊ အသိသက်သေအဖြစ် လက်မှတ်ထိုးပေးသည့် ကိုသက်မျိုးဇော်(AV)၊ ဗိုလ်ကြီးစန္ဒာနွယ်၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးသော ဦးကျော်စိုးဦး၊ မင်္ဂလာအခမ်းအနားကို အစစအရာရာအဆင်ပြေချောမွေ့စွာ ဆောင်ရွက်ပေးကြသည့် Summit Parkview Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ ကျေးဇူးတင်ထိုက်သည့် ဆွေမျိုးမိတ်သင်္ဂဟများအားလုံးအား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်ဒေါက်တာစိုးစံ–မစိုးပပမြိုင်။

မော်တော်ယာဉ်စက်ပြင်ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

နစ်ဆန်း၊ မစ်ဆူဘီရှီ၊ အစ်စူဇူးဘတ်စ်ကားများနှင့် တီအီး၊ ကင်တာ၊ ဒိုင်နာထရပ်ကားများအတွက် ကျွမ်းကျင်သော မော်တော်ယာဉ်အင်ဂျင်စက်ပြင် ဝန်ထမ်း ၁၀ဦး အလိုရှိပါသည်။ အလုပ်သမားမှတ်ပုံတင်မိတ္တူပါရှိရမည်။

ရွှေသာယာမော်တော်ကားကုမ္ပဏီလီမိတက်
အမှတ် ၈၆၊ လှေသင်းအတွင်းဝန်ဦးချိန်လမ်း၊ လှိုင်သာယာစက်မှုဇုန်(၂)။

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

ကွန်ပျူတာ၊ Internet, e-mail ကျွမ်းကျင်သူ ဝန်ထမ်းနှစ်ဦး အလိုရှိသည်။အလုပ်သမားမှတ်ပုံတင်မိတ္တူပါရှိရမည်။

ရွှေသာယာမော်တော်ကားကုမ္ပဏီလီမိတက်
အမှတ်၄၇/G၊ ကံ့ကော်မြိုင်လမ်း၊
(၇)မိုင်ခွဲ၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်။





ဖိတ်ကြားအပ်ပါသည်

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်အဆောက်အအုံဖွင့်ပွဲနှင့် ဆဋ္ဌမအကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲအခမ်းအနားများကို ၂၀၀၅ခုနှစ် ဇန်နဝါရီ ၂၄ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဘုရင့်နောင်လမ်းမကြီးနှင့် စက်မှုဆေးဝါးလမ်းထောင့်ရှိ အဖွဲ့ချုပ်ရုံး အဆောက်အအုံသစ်၌ကျင်းပပြုလုပ်မည်ဖြစ်ရာ ယင်းအခမ်းအနားနှင့်အတူ ရေထွက်ပစ္စည်းပို့ကုန်ပြပွဲကို ၂၄–၁–၂၀၀၅ရက်မှ ၂၆–၁–၂၀၀၅ရက်အထိ ကျင်းပမည်ဖြစ်ပါ၍ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်အသင်းဝင်များအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန်ဖုန်း– ၆၈၃၆၅၁၊ ၆၈၃၆၅၂၊ ၆၈၃၆၅၃၊ ၅၅၉၈၄၉။

အလုပ်အမှုဆောင်အဖွဲ့။

စာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်ကြီးများပူဇော်

မန္တလေး ဒီဇင်ဘာ ၃၁

မန္တလေးငါးမြို့နယ် (၁၂)ကြိမ်မြောက် စာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ၁၂ရက်က မန္တလေး ချမ်းအေးသာစံမြို့နယ် မြန်မာနိုင်ငံဆရာဝန်များအသင်း ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် စာဆိုတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ကြီး (သတင်းစာဆရာ ဦးခင်မောင်ကြီး)က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့မှပေးပို့သည့် သဝဏ်လွှာကို ဗဟိုအမှုဆောင်ကော်မတီဝင် ဒေါက်တာမောင်မောင်(မောင်ဆင်ခြင်)က ဖတ်ကြားသည်။

ပူဇော်ကန်တော့

ထို့နောက် ကန်တော့ခံသက်ကြီးစာပေပညာရှင်ကြီးများကို ပြည်ကြီးတံခွန်မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးရွှေ(ရွှေရိုး မန္တလေး)က ပူဇာစပူစနေယျာနံအစချီ ကန်တော့ကြိုးဖြင့် ပူဇော်ကန်တော့ကြပြီးကန်တော့ခံစာပေပညာရှင်ကြီးများကိုယ်စား ဆရာမကြီးဒေါ်ခင်စောကသြဝါဒစကားပြောကြားသည်။ ဆက်လက်၍ စာပေရှင်ဂုဏ်ပြုလွှာကို ဆရာမဒေါ်ခင်ခင်ဝင်း(ခင်ခင်ဝင်း၊ပညာရေး)သို့ ပေးအပ်ချီးမြှင့်ပြီး စာဆိုတော်နေ့ ရာသက်ပန်အလှူရှင် (အရိုးတောင်း လက်ဖက်) ဦးကျော်သိန်း - ဒေါ်ကြွယ်ကြွယ်၊ ဦးသန်းညွှန့်-ဒေါ်မမနိုင် (မန္တလေးရုပ်သေး)နှင့် ဦးအောင်မြင့် (အင်ဂျင်နီယာ) မိသားစုတို့အား ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုပစ္စည်းများကို ဘဏ္ဍာရှာဖွေရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့် ဆွေ(ဆွေနွယ်ဦး)က ပေးအပ်ချီးမြှင့် ကြောင်းသိရသည်။ **(၁၁၃)**

ဓနုဖြူမြို့ ရှေးဟောင်းသမိုင်းဝင်ကျိုက္ကလွန်ဗွန်းစေတီတော် ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းရန် ဩဝါဒခံယူပွဲကျင်းပ

ဓနုဖြူ ဇန်နဝါရီ ၅

ဓနုဖြူမြို့ ရှေးဟောင်းသမိုင်းဝင် ကျိုက္ကလွန်ဗွန်းစေတီတော်မြတ်**(ယာပုံ)** အားရွှေသင်္ကန်းဆက်ကပ်လှူဒါန်းနိုင်ရန်အတွက် ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲကို ဒီဇင်ဘာ၂၂ရက်က ကျိုက္ကလွန်ဗွန်းစေတီတော်မြတ်၏အောင်မြေတန်ဆောင်းတွင်ကျင်းပရာ နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဦး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်၊ ကျိုက္ကလွန်ဗွန်း စေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မြင့်နှင့် ဂေါပကအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ရှေးဟောင်းသမိုင်းဝင် ကျိုက္ကလွန်ဗွန်းစေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းဆက်ကပ်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးကြသည်။ ရှေးဟောင်းသမိုင်းဝင်ကျိုက္ကလွန်ဗွန်းစေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းကပ်လှူနိုင်ရန် ရွှေဆိုင်းတစ်ဆိုင်းလျှင် ငွေကျပ်၁၅၀၀၀ဖြင့်လည်းကောင်း၊ ဇလက်မပတ်လည် ရွှေစင် ရွှေပြားများ၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့်ထီးတော်တို့တွင်ဆက်ကပ်လှူဒါန်းရန် ရွှေလက်ဝတ်ရတနာပစ္စည်းများကိုလည်းကောင်း မိမိတို့စေတနာအလျောက် လှူဒါန်းကုသိုလ်ယူနိုင်သည်။

အလှူရှင်များသည် ဦးကျော်မြင့် ဥက္ကဋ္ဌ ဖုန်း-၀၄၄-၇၀၀၄၆၊ ဦးစောမောင် အဖွဲ့ဝင် ဖုန်း-၀၄၄-၇၀၀၅၂နှင့် ဦးကျော်ရီ အတွင်းရေးမှူး ဓနုဖြူမြို့နယ်အသင်း ရန်ကုန် ဖုန်း- ၀၁၅၄၁၈၂၃တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သဝဏ်လွှာဖတ်ကြား

ဇန်နဝါရီ ၄ရက်က ညောင်ဦးခရိုင် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ညောင်ဦးမြို့ အခြေခံပညာအထက်တန်းကျောင်းအတွင်း၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တေဇ ဖတ်ကြားစဉ်။

(ခရိုင် ပြန်/ဆက်)

ရှာငံမြို့နယ်အဆင့်ပညာရေးစုံညီပွဲတော်ကျင်းပ

ရှာငံ ဇန်နဝါရီ ၆

ရှမ်းပြည်နယ်(တောင်ပိုင်း)ရှာငံမြို့နယ် ၂၀၀၅ခုနှစ် မြို့နယ်အဆင့်ပညာရေးစုံညီပွဲတော် အခမ်းအနားကို ဇန်နဝါရီ၂ရက်က ရှာငံမြို့ အခြေခံပညာအထက်တန်းကျောင်းပြဒါးလင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးဝေလင်းက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်သိန်းမြင့်က အခြေခံ ပညာကဏ္ဍအကြောင်း ရှင်းလင်းပြောကြားကာ ပညာရည်ချွန်ဆုနှင့် အားကစား ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ပြီး ပညာရေးစုံညီပွဲတော်သို့ တက်ရောက်လာကြသော ဌာနဆိုင်ရာ တာဝန်ရှိသူများက အထက၊ အထက ခွဲ၊အမက(မူလွန်)၊ အမကကျောင်းများမှ ပြသထားသော အိမ်တွင်းမှုပြခန်းများ၊ ပရဆေးပင်ပြခန်းများနှင့် အထက ရှာငံမှ ကွန်ပျူတာပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

(မြို့နယ် ပြန်/ဆက်)

ဇန်နဝါရီ ၃ရက်က ဘုတလင်မြို့ မြဝတီရပ်ကွက်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးခန်းမတွင် နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ ကျင်းပရာ လက်ထောက်ညွှန်ကြားရေးမှူး ဦးနိုင်ဝင်းထွန်းက ရပ်ကွက်ဥက္ကဋ္ဌ ဦးစန်းထံ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

ပန်းတနော် အထက ပညာရေးစုံညီပွဲတော်

ပန်းတနော် ဇန်နဝါရီ ၆

ပန်းတနော်မြို့နယ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ၃ရက်က အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမတွင် ကျင်းပရာ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်မိုးလွင်နှင့် မြို့နယ်ပညာရေးမှူး ဦးထန်ထိုင်းတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် ဆုရရှိသော ကျောင်းသားကျောင်းသူ၉၃ဦးတို့အားတာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြပြီး ပန်းတနော်မြို့နယ်အခြေခံပညာအထက်တန်းကျောင်း နဝမတန်းကျောင်းသား ကျောင်းသူများက မြတ်ဆရာသီချင်းကို စုပေါင်းသီဆိုကြကာ ပဒေသာကပွဲဖြင့် ကပြဖျော်ဖြေကြကြောင်း သိရသည်။

(၃၂၇)

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ နှစ်ပတ်လည် အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက်က စစ်မှုထမ်းဟောင်းအဖွဲ့ ရုံးခန်းမတွင် ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဦးသန့်ဇင် အမှာစကားပြောကြားစဉ်။ (၂၈၃)

ကလေးပြပွဲပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ဂန့်ဂေါ ဇန်နဝါရီ ၈

ဂန့်ဂေါမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအထိမ်းအမှတ် ကလေးပြပွဲပြိုင်ပွဲနှင့်ဆုပေးပွဲကို ဇန်နဝါရီ၄ ရက်နံနက်က မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက် ရေးအသင်းရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ဂန့်ဂေါခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါ်သီတာက အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွင်းရေးမှူး ဒေါက်တာမောင်မောင်စိန်က ဆုပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းကာ တာဝန်ရှိသူများက ဆုရရင်သွေးငယ်များအတွက် ဆုများပေးအပ် ချီးမြှင့်ကြသည်။ **(အောက်ပုံ)** (၂၇၃)

မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှကြီးမှူး လွတ်လပ်ရေးနေ့အထိမ်းအမှတ် စံပြမိခင်နှင့် ကလေးပြိုင်ပွဲဆုချီးမြှင့်

မော်လမြိုင်ကျွန်း ဇန်နဝါရီ ၈

မော်လမြိုင်ကျွန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် စံပြမိခင်နှင့် ကလေးပြိုင်ပွဲကို ဇန်နဝါရီ၄ရက် နံနက်ဂနာရီက မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုအောင်က အမှာစကား ပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာဒေါ်မြမြအေးက ပြိုင်ပွဲကျင်းပရခြင်းနှင့် အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းတင်ပြသည်။

ဆုများပေးအပ်ချီးမြှင့်

ထို့နောက် ပြိုင်ပွဲတွင်ဆုရရှိကြသော စံပြမိခင်နှင့်အတန်းလိုက် ဆုရရှိကြသော ကလေးများအား မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စန်းမြင့်နှင့် ကော်မတီဝင်များက ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(ဝဲပုံ)** **(၀၉၇)**

မွန်ပြည်နယ် မီးဘေးကြိုတင်ကာကွယ်တားဆီးရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

မော်လမြိုင် ဇန်နဝါရီ ၃

မွန်ပြည်နယ် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးကော်မတီက ကြီးမှူး၍ မွန်ပြည်နယ် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ၉ရက်က မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်မီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ မွန်ပြည်နယ် မီးဘေးကြိုတင်ကာကွယ်တားဆီးရေး ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မျိုးလှက အမှာစကား ပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မွန်ပြည်နယ် မီးသတ်ဦးစီးဌာနမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးဦးသိန်းလှိုင်နှင့် မော်လမြိုင်ခရိုင် မီးသတ်ဦးစီးမှူးဦးစီးအရာရှိ ဦးအောင်ဆွေဝင်းတို့က မီးဘေးကြိုတင် ကာကွယ်တားဆီးရေး လုပ်ငန်းစဉ် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။ တင်ပြချက်များအပေါ် မွန်ပြည်နယ် မီးဘေးကြိုတင်ကာကွယ်တားဆီးရေး ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မျိုးလှက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်အကြံပြုဆွေးနွေးမှာကြားကြောင်း သိရသည်။ **(၁၆၈)**

ဆုတောင်းပြည့်စေတီ အုတ်မြစ်စီမင်္ဂလာကျင်းပမည်

လပွတ္တာ ဇန်နဝါရီ ၁၀

လပွတ္တာမြို့နယ် တီတွတ်ကျေးရွာ ပုညာရာမကျောင်း ဝတ္တကမြေအတွင်း၌ ရန်ကုန်အောင်ချမ်းသာဆရာတော်ကြီးမှူး၍ ဉာဏ်တော် ၄၅ တောင်ရှိ ရွှေတိဂုံပုံတူ အောင်ချမ်းသာ ဆုတောင်းပြည့်စေတီတော်မြတ် တည်ထားကိုးကွယ်ရန်အတွက် မြို့နယ်သံဃနာယက ဆရာတော်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာ ဥပဒေ့ဥပကအဖွဲ့ဝင်များနှင့် အလှူရှင်များ စုပေါင်း၍ ၁၃၆၆ခု ပြာသိုလပြည့်ကျော် ၆ရက် (ဇန်နဝါရီ ၃၀ရက်) တနင်္ဂနွေနေ့တွင် အုတ်မြစ်စီမင်္ဂလာအခမ်းအနား ကျင်းပမည်ဖြစ်သည်။

အဆိုပါ အုတ်မြစ်စီ မင်္ဂလာအခမ်းအနားသို့ အနယ်နယ်အရပ်ရပ်မှ အလှူရှင်များတက်ရောက်ကြရန်နှင့် အလှူတော်ငွေများကို စေတီတော်ဂေါပကထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အမြို့မြို့ အနယ်နယ် သတင်းများ

ကြည့်ရှုစစ်ဆေး

မဘိမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော မြို့ပြလမ်း (ဘုရားကျောင်းလမ်း) ကျောက်ချောခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၂၅ ရက်က ရှမ်းပြည်နယ် (မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ် စည်ပင်)

မီးဘေးကြိုတင်ကာကွယ်တားဆီးရေး မီးသတ်စွမ်းရည်ပြိုင် ထူးချွန်ဆုရသူများအား ဆုများပေးအပ်ချီးမြှင့်

နေပြည်တော် ဇန်နဝါရီ ၁၂

နေပြည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် နေပြည်မြို့နယ် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးကော်မတီက မြို့နယ်မီးဘေးကြိုတင်ကာကွယ်ရေး မြို့ပေါ်၁၈ရပ်ကွက်တို့က မီးသတ်စက် ၁၈လုံး၏ မီးသတ်စွမ်းရည်ပြပွဲ ပြိုင်ပွဲကို ဇန်နဝါရီ၇ရက်က ကျင်းပသည်။

အဆိုပါပြပွဲ၊ပြိုင်ပွဲတွင် အမှတ်(၆)ရပ်ကွက်က ပထမဆု၊ အမှတ်(၁၈)ရပ်ကွက်က ဒုတိယဆု၊အမှတ် (၉)ရပ်ကွက်က တတိယဆုနှင့် အမှတ်(၁၁)ရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့ဝင် တပ်ကြပ်ကြီးမောင်ရီက မီးသတ်တပ်ဖွဲ့ဝင် ထူးချွန်ဆုအသီးသီး ရရှိကြသည်။ ဆုများကို ဗိုလ်မှူးအောင်ကျော်ဦးနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်တို့က ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(အပေါ်ပုံ) (ဝ၈၅)**

စစ်ကိုင်းတိုင်း ရေဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော မြို့သာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေးနှင့် မြို့သန့်ရှင်းလှပရေး အတွက် ဒီဇင်ဘာ ၁၅ရက်က မြို့အဝင်ဆိုင်းဘုတ်တွင် မြေယာရှုခင်းအလှပြင်ဆင်ခြင်းကို စည်ပင်သာယာဝန်ထမ်းများက ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးဌေးကို ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ် စည်ပင်)

လယ်ဝေးမြို့ ခရမ်းကိုင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း ရွှေရတုအခမ်းအနား၌ ဆုရသူများ ဆုချီးမြှင့်

လယ်ဝေး ဇန်နဝါရီ ၆

လယ်ဝေးမြို့နယ် ခရမ်းကိုင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း နှစ်(၅၀)ပြည့် ရွှေရတု အခမ်းအနားကို ဒီဇင်ဘာ ၁၃ရက် မွန်းလွဲ ၂နာရီက အဆိုပါကျောင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ကျောင်းသားကျောင်းသူများက မြန်မာ့ကျောင်းတေးသီချင်းများသီဆို၍ အခမ်းအနားဖွင့်လှစ်ပြီး မြို့နယ်ပညာရေးမှူး ဦးအောင်မြင့်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဇော်အောင်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးသိန်းရွှေတို့က အမှာစကားပြောကြားကာ ကျောင်းအုပ်ဆရာကြီးဦးကိုကိုက ကျောင်းဖြစ် ပေါ်လာပုံသမိုင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများအား ကန်တော့ လက်ဆောင်ပစ္စည်းများပေးအပ်ပြီး အငြိမ်းစား ကျောင်းအုပ်ဆရာကြီး ဦးကျော်က သြဝါဒစကားပြောကြားပြီး ပညာရည်ချွန်ဆု၊ အားကစားနှင့် စာစီစာကုံးဆုရ ကျောင်းသားများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(၃၃၃)**

ပခုက္ကူမြို့နယ် မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးလှရွှေ၊ တပ်စုမှူး ဦးယဉ်ကျော့နှင့် သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ဒီဇင်ဘာ ၆ရက်က အမှတ်(၈)ရပ်ကွက်တွင် မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာလုပ်ငန်းများ ကြည့်ရှု စစ်ဆေးကြစဉ်။

(၄၁၃)

ရှမ်းပြည်နယ် (မြောက်ပိုင်း)မိုင်းပတ်-ပန်ဆန်းလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းကို ဒီဇင်ဘာ ၂၀ ရက် က ရှမ်းပြည်နယ် (မြောက်ပိုင်း) စည် ပင် သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းရွှေနှင့် စည်ပင်သာယာရေး ဦးစီးဌာန အင်ဂျင်နီယာမှူး ဦးကျော်စွာလင်းတို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

မြန်မာ့အသံ

၂၀-၁-၂၀၀၅
(ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မေတ္တာသုတ်နှင့် ခန္ဓသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းဌာနများ (သစ်တောရေးရာဝန်ကြီးဌာန အကြောင်းသိကောင်းစရာ)

၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ (၁)ပစ္စေကဗုဒ္ဓါ(သာမဏေကျော်) (၂)အိုဘယ့်ရာဇကုမာရ် သားကောင်းရတနာ (တက္ကသိုလ်စိန်တင်)

၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ (အိပ်ခြင်းနိုးခြင်းသံသရာ-မောင်ဆုရှင်)

၁၂း၃၀ အစာနှင့်အာဟာရ(tek.)

ညနေပိုင်း

၁၆း၃၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ

၁၇း၀၀ တပ်မတော်စာတိုက်

၁၇း၁၅ သုတရေးရာဖြေကြားလွှာ

၁၉း၁၅ ဓာတ်လမ်းပမာနားဆင်စရာ (သားမာန်)

ရွှေဘိုမြို့နယ်တွင် စုပေါင်းငါးမျိုးစိုက်ထည့်

ရွှေဘို ဇန်နဝါရီ ၈

ရွှေဘိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ဇန်နဝါရီ ၁ရက် နံနက် ၉နာရီက မူးသုံးခွတွင် ရွှေဘိုငါးလုပ်ငန်းစခန်းနှင့် ပုဂ္ဂလိက ငါးသားဖောက်လုပ်ငန်းရှင်များ စုပေါင်းပြီး ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနား ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြငွေ၊ ကျေးရွာဥက္ကဋ္ဌများ၊ ငါးလုပ်ငန်းစခန်း တာဝန်ခံဦးစီးအရာရှိ ဦးထွန်းထွန်းဦးနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အဖွဲ့ဝင်များနှင့် ငါးသားဖောက်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ငါးသားဖောက်စိုက်ထည့်ပေး

ဆက်လက်၍ မူးသုံးခွတွင် ငါးခုံးမကြီး၊ တီလားပီးယား၊ ရွှေဝါငါးကြင်း၊ မြက်စားငါးကြင်း၊ ငါးမြစ်ချင်း ငါးမျိုး များနှင့် ငါးသားပေါက်ကောင်ရေ သုံးသိန်းကို စိုက်ထည့်ပေးကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရမည်းသင်းမြို့နယ် ကန်ဘဲ့ကျေးရွာ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့် နှစ်ပေမီးချောင်း ၂၅၄ ချောင်းကို နေ့စဉ်ဓာတ်အားပေး ထုတ်လွှတ်အသုံးပြုလျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၈

မန္တလေးတိုင်း ရမည်းသင်းမြို့နယ် ကန်ဘဲ့ကျေးရွာ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ၁၃ ရက် ညနေပိုင်းက အဆိုပါ ကျေးရွာလျှပ်စစ်ဓာတ်အားပေးစက်ရုံရှေ့တွင် ကျင်းပသည်။ အခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ရမည်းသင်းခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ကြည်ရှိန်နှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာမီးလင်းရေး ကော်မတီဝင်များ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က အမှာစကားပြောကြားပြီး ကျောက်ဆည်မြို့ အစိုးရနည်းပညာကောလိပ်မှ ဇီဝဓာတ်ငွေ့ ထုတ်လုပ်ရေး အင်ဂျင်နီယာ လက်ထောက်ကထိက ဦးကြည်မိုးအောင်က ဇီဝဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ ကန်ဘဲ့ကျေးရွာဥက္ကဋ္ဌ ဦးကျော်ရွှေက ကျေးဇူးတင်စကားပြောကြားပြီး ကျေးရွာဥက္ကဋ္ဌ ဦးကျော်ရွှေနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်တင်တို့က လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူးက ကန်ဘဲ့ကျေးရွာ ဇီဝဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံအား စက်ခလုတ်နှိပ်၍ လျှပ်စစ်ဓာတ်အား စတင်ထုတ်လွှတ်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စာမျက်နှာ ၇ ကော်လံ ၄ ✡

ကြည့်ရှုစစ်ဆေး

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် အဖွဲ့ တနင်္သာရီတိုင်း ကော့သောင်းမြို့ ခုတင်(၁၀၀)ဆံ့ ခရိုင်ပြည်သူ့ဆေးရုံသစ်ကြီးအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (ကျန်းမာရေး)

ငလျင်နှင့်ထူးကဲဒီရေသင့်ခဲ့သည့်ပြည်သူများအပေါ် ကယ်ဆယ်ရေးလုပ်ငန်း နိုင်ငံတော်ကအချိန်နှင့်တစ်ပြေးညီကူညီပံ့ပိုးမှုများ မျက်ဝါးထင်ထင်သိမြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဌာနေကိုယ်စားလှယ်ဆွေးနွေးပြောကြား

ရန်ကုန် ဇန်နဝါရီ ၁၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်တို့သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr. Agostino Borra၊ ယူနီဆက်ဌာနေ ကိုယ်စားလှယ် Ms. Caroll. C. Long၊ ယူအင်ဒီပီဒုတိယဌာနေ ကိုယ်စားလှယ် Ms.Akiko Suzaki တို့နှင့်အတူ ဇန်နဝါရီ ၁၄ ရက်တွင် တနင်္သာရီတိုင်း ကော့သောင်းမြို့သို့ ရောက်ရှိကြပြီး ကော့သောင်းတပ်နယ် ရိပ်သာအစည်းအဝေးခန်းမ၌ ဝန်ကြီး ဒေါက်တာကျော်မြင့်က ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် မြေငလျင်နှင့် ထူးကဲဒီရေသင့်မှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၌ ဆောင်ရွက်ခဲ့သည်များ Emergency Response and Management of Tsunami (Myanmar)ကို ရှင်းလင်းပြောကြားရာတွင် မြန်မာနိုင်ငံ၌

စာမျက်နှာ ၆ ကော်လံ ၁ ●

ဇန်နဝါရီ ၁၈ရက်က (၁၄)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းများ ယှဉ်ပြိုင်မှုကို တွေ့ရစဉ်။ (သတင်း-၈) (ထပဆ)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

စာရေးပြသော ပင်လယ်ဖျံ

ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့ရှိ အပန်းဖြေပန်း ခြံ တစ် ခု အတွင်း စာရေးပြနေသော ပင်လယ်ဖျံ တစ်ကောင်ကို တွေ့ရစဉ်။ **(ယာပုံ)**

အဆိုပါ ပင်လယ်ဖျံကို ဂျူနာရိုဟု အမည်ပေးထားပြီး ပါးစပ်တွင် စုတ်တံတစ်ချောင်းကို ကိုက်ကာ ရေးပြခိုင်းလိုသော စာများကို ရေးနိုင်ကြောင်း သိရသည်။ ယိုကိုဟားမားမြို့ ယင်းပန်းခြံအတွင်းရှိ ပင်လယ်ပျော်တို့ ပြခန်းအတွင်း၌ လာရောက်ကြည့်ရှု အပန်းဖြေသူများကို ပင်လယ်ဖျံများက အံ့သြဖွယ်ရာ စွမ်းရည်များ ပြသလျက်ရှိကြောင်း သိရသည်။ **အမ်အင်အေ၊ ရိုက်တာ။**

ရေမြင်းလေးနှင့်လိပ်မကြီး

လိပ်မကြီးတစ်ကောင်က မွေးစားထားသည့် တစ်နှစ်သားအရွယ် ရေမြင်းလေးကို တွေ့ရစဉ်။ **(အောက်ပုံ)** ကင်ညာနိုင်ငံရှိ ဟေလာဥယျာဉ် အတွင်း၌ အသက်(၁၂၀)အရွယ်ရှိပြီဖြစ်သော အယ်ဒါဘရန်လိပ်မကြီး တစ်ကောင်က တစ်နှစ်သားအရွယ် ရေမြင်းပုကလေးတစ်ကောင်ကို မွေးစားထားလျက်ရှိကြောင်း သိရသည်။ အဆိုပါလိပ်မကြီးသည် ရေမြင်းပုလေးအား ဘေးအန္တရာယ်များမှ ကာကွယ်ပေးလျက်ရှိပြီး ရေမြင်းပုလေး ရေထဲဆင်းလျှင် လိုက်ပါဆင်းပြီး ကုန်းပေါ်တက်လျှင် လိုက်တက်ကာ ကာကွယ်စောင့်ရှောက်မှု အချိန်ပြည့်ပေးလျက်ရှိသည်ကို အံ့သြဖွယ်ရာ တွေ့ရကြောင်း ဟေလာဘေးမဲ့ဥယျာဉ်မှ တာဝန်ရှိသူများက ပြောကြားကြသည်။ **အမ်အင်အေ၊ ရိုက်တာ။**

(၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ၂၀၀၅ခုနှစ် မတ်လတွင် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၈

သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသည် နိုင်ငံတော်အကျိုး၊ နိုင်ငံသားကျောက်မျက်ရတနာ လုပ်ငန်းရှင်များအကျိုးအတွက် (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ၂၀၀၅ ခုနှစ် မတ်လတွင် ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ကျောက်မျက်ရတနာပြပွဲတွင် သင့်တော်သော အခြေခံရောင်းဈေးသတ်မှတ်သည့် ကျောက်မျက်ရတနာများကို ဈေးပြိုင်စနစ်ဖြင့် ယှဉ်ပြိုင်ဝယ်ယူကြမည်ဖြစ်၍ နိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် ရောင်းရငွေများ တိုးတက်ရရှိမည်ဖြစ်သည်။ ထို့ပြင် ရတနာကုန်သည်များအနေဖြင့် အရည်အသွေးကောင်းသည့် ကျောက်မျက်ရတနာများကို ဝယ်ယူမှုများသဖြင့် ရတနာပြပွဲတွင် အရည်အသွေးကောင်းမွန်သည့် ကျောက်မျက်ရတနာများကို သင့်တော်သော အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ်တင်ပြရောင်းချရန် အထူးလိုအပ်သည်။

စာမျက်နှာ ၆ ကော်လံ ၃ ■

19-1 (20).p65 1 3/24/05, 8:14 PM